ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ အင်္ဂါနေ့ (23 - 4 - 2013) (၇၄၅၉)

ယနေ့ မာတိကာ

ဗမာ့ပရိယနှင့် ပထမပြန်စာမေးပွဲ မေ ၂ ရက်မှ ၁၄ ရက်ထိ ကျင်းပမည် — စာမျက်နှာ - ၇

ဧည်းကပ်းမဲ့ ခရီးသွားဧည့်သည်တချို့ကြောင့် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုလက်ရာများ ပျက်စီးဆုံးရှုံး — စာမျက်နှာ - ၁၀

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘရာဇီးလ်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်အား လက်ခံတွေ့ဆုံ

မြန်မာ-ဘရာဇီးလ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘရာဇီးလ်နိုင်ငံဆိုင်ရာ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ricardo Cateb Cury အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမနိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ အထူးစီးပွားရေးဇုန်များ၌ ဘရာဇီးလ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများအား ဘရာဇီးလ်နိုင်ငံသို့ တင်ပို့ရောင်းချရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် အထည်ချုပ်လုပ်ငန်းနှင့် ဖိနပ်စက်ရုံလုပ်ငန်း စသည့် လုပ်ငန်းများတွင် ဘရာဇီးလ်နိုင်ငံမှ ပါဝင်ရင်းနှီးမြှုပ်နှံရေးနှင့် မြန်မာ-ဘရာဇီးလ်နှစ်နိုင်ငံတက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဒေါက်တာပွင့်ဆန်း၊ ဦးသန်းထွန်းအောင်၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနို၏ အတ္ထုပ္ပတ္တိအကျဉ်း

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်း ယူဒိုယိုနို။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ၏ ဇနီး မစ္စစ် ဟာရျာ အာနီ ဘမ်ဘန်း ယူဒိုယိုနို။

ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုကို ၁၉၄၉ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အရှေ့ဂျာဗားပြည်နယ် ပါစီတန်မြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် အင်ဒိုနီးရှား ခြေလျင်တပ်ဖွဲ့ဆိုင်ရာ စစ်တက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အမေရိကန်နိုင်ငံတွင် ခြေလျင်တပ်ဖွဲ့ အရာရှိများ၏ အဆင့်မြင့်သင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ ၎င်းသည် ၁၉၈၈ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ခြေလျင်တပ်ဖွဲ့ဆိုင်ရာ အုပ်ချုပ်မှုသင်တန်းကျောင်းသို့ တက်ရောက်ခဲ့ပြီး ၁၉၉၀ မှ ၁၉၉၁ ခုနှစ်အထိ အမေရိကန်နိုင်ငံရှိ စစ်ဦးစီးတက္ကသိုလ်သို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါကာလမှာပင် အမေရိကန်နိုင်ငံရှိ ဝက်ဘ်စတာတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်း တက်ရောက်၍ စီမံခန့်ခွဲမှုဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့ကို ဆည်းပူးရယူခဲ့ပါသည်။ ထို့နောက် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အနောက်ဂျာဗားပြည်နယ် ဘိုဂေါမြို့ရှိ ဘိုဂေါစိုက်ပျိုးရေးသိပ္ပံတွင် **စာမျက်နှာ ၃ ကော်လံ ၀ သို့ ✻**

အလုပ်အကိုင်အခွင့်အလမ်း နှစ်သိန်းကျော် ခန့်ထားနိုင်မည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း

တွေ့ဆုံမေးမြန်း
စိုးစိုးနိုင်(ကြေးမုံ)

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် လူထုတွေ့ဆုံရှင်းလင်းပွဲအခမ်းအနားကို ဧပြီ ၇ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ခရိုင်အုပ်ချုပ်ရေးမှူးရုံးရှင်စောပုခန်းမ၌ ပထမအကြိမ် ကျင်းပခဲ့ပြီး ယင်းလုထုအကြိမ်ပြုတွေ့ဆုံပွဲများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဟု သိရသည်။

ရန်ကုန်မြို့ သန်လျင်မြို့နယ်အတွင်း အကောင်အထည်ဖော်မည့် သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းနှင့်ပတ်သက်၍ ပြည်စုံစွာသိရှိနိုင်ရန် ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် Resource & Environment Myanmar Co., Ltd. မှ ဒါရိုက်တာဦးဝင်းနိုင်ထွန်းနှင့် ကြေးမုံသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ကြေးမုံ။ ဒီစီမံကိန်းနဲ့ပတ်သက်ပြီး ပြည်သူများနဲ့ တွေ့ဆုံဆွေးနွေးရခြင်း ရည်ရွယ်ချက်ကို သိပါရစေ။

ဦးဝင်းနိုင်ထွန်း။ ဒီစီမံကိန်းမှ သတင်းအချက်အလက်များကို ပြည်သူများ ပိုမိုသိရှိစေရန်နှင့် စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းများ လျော့နည်းစေရန်အတွက် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပါတယ်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

ကြေးမုံ စာတည်းရှုထောင့် ၂၃-၅-၂၀၁၃ [အင်္ဂါနေ့]

အနာဂတ်လူငယ်

ယနေ့လူငယ် နောင်ဝယ်လူကြီးဟု ဆိုစမှတ်ပြုကြရာ၌ အရည်အချင်းပြည့်ဝပြီး ဘက်စုံထူးချွန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်မှသာ နောင်ကာလဝယ် မိမိတို့လူမှုအသိုက်အမြုံကို မိမိတို့ကိုယ်တိုင် အကောင်းဆုံး ဦးဆောင်ဖန်တီးနိုင်သည့် လူကြီးများဟု ခေါ်တွင်နိုင်မည်ဖြစ်ပါသည်။

ကာလတစ်ခုတွင် လူငယ်လူရွယ်များအား ပညာတတ်မြောက်အောင် ဆောင်ရွက်ပေးရာ၌ များသောအားဖြင့် အတန်းပညာကို တစ်နှစ်တစ်တန်း အောင်မြင်နိုင်စေရန် အလေးပေးဆောင်ရွက်ခဲ့ကြသည်ကို မြင်တွေ့နိုင်ပါသည်။

ထို့ကြောင့် ပညာတတ်ဟုခေါ်တွင်သော လူငယ်လူရွယ်များမှာ အသိပညာ ကုံလုံကြွယ်ဝမှုနည်းပါးပြီး လက်မှတ်ရပညာတတ်အဆင့်ဖြင့်သာ ရပ်တည်နေခဲ့ကြရပြီး သင်ကြားထားသောပညာနှင့် အံမဝင်သောသင့်ရာ၊ ရရာ၊ လွယ်ရာလုပ်ငန်းများတွင် ကျင်လည်ကျက်စားခဲ့ကြရပါသည်။

ယခုအခါ နိုင်ငံသစ်ကို တည်ဆောက်ရာ၌ လူငယ်လူရွယ်များ၏ အနာဂတ်အတွက် လိုအပ်ချက်ရှိနေသော ပညာရေးပြုပြင်ပြောင်းလဲမှုများအား စီမံချက်ရေးဆွဲပြီး စတင်ဖော်ဆောင်နေသည်ကို မြင်တွေ့နေရပါသည်။

တိုင်းပြည်တည်ဆောက်ရေးကို အားကြိုးမာန်တက် ထမ်းရွက်နေသော မျက်မှောက်ကာလတွင် အရည်အချင်းပြည့်ဝပြီး ဘက်စုံထူးချွန်ထက်မြက်သော လူငယ်လူရွယ်များစွာ လိုအပ်နေသည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် ဘက်စုံထူးချွန်ထက်မြက်ပြီး ပညာရည်ပြည့်ဝသည့် အဋ္ဌမတန်းမှ ဒသမတန်းအဆင့် ကျောင်းသား ကျောင်းသူ လူငယ် မောင်မယ်များကို စစ်ဆေးရွေးထုတ်မြှင့်တင်ပျိုးထောင်ပေးနေပုံကို မကြာမြင့်မီကာလက မြင်တွေ့လိုက်ရသဖြင့် အနာဂတ်အတွက် များစွာ ဝမ်းမြောက်မိပါသည်။

နိုင်ငံ၏အနာဂတ်သည် လူငယ်များလက်ဝယ်တွင် ရှိပေရာ အနာဂတ်အတွက် ကောင်းကျိုး၊ ဆိုးကျိုးများသည် ထိုသို့သော လူငယ်လူရွယ်များ၏ အရည်အချင်းပေါ်တွင် မူတည်ပေသည်။ ယခုခေတ် ယခုအချိန်အခါသည် ကျောင်းသားများ၏ အရည်အချင်းမှာ ကျောင်းစာတစ်ခုတည်းတော်နေရုံဖြင့် မလုံလောက်ချေ။

သင်ယူလိုက်သည့် အတတ်ပညာကို ပိုင်နိုင်ကျွမ်းကျင်စွာ တတ်မြောက်ရန်၊ စာကျက်မှတ်သင်အံ သိနေရုံဖြင့်မလုံလောက်ဘဲ ထိုးထွင်းသိမြင်တတ် ရန်၊ စည်းကမ်းရှိရန်၊ ကိုယ်ကျင့်တရားကောင်းရန်ဟူသည့် နီတိကိုလည်း သိနားလည်ထားရန်၊ အများအကျိုးကို သယ်ပိုးလိုစိတ်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များကိုလည်း သိရှိနားလည်ထားကြရန် လိုအပ်မည်ဖြစ်သည်။

လူငယ်လူရွယ်များ ထူးချွန်ထက်မြက်စေရန်အတွက် ဆရာများ၏ အရည်အချင်းများလည်း အဆင့်မြင့်မားတိုးတက်နေဖို့ လိုမည်ဖြစ်သည်။ လူငယ်လူရွယ်အများစုမှာ အစိုးရကျောင်းများကိုသာ အားကိုးအားထား သင်ယူနေကြရသဖြစ်၍ အစိုးရကျောင်းများ စွမ်းရည်နှင့် ရုပ်ဝတ္ထုပစ္စည်းများပါ မြှင့်တင်မြေတောင်မြှောက်ပေးခြင်းဖြင့် အနာဂတ်အတွက် ထူးချွန်ထက်မြက်သော လူငယ်မောင်မယ် အမြောက်အမြား ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် ယာဉ်စည်းကမ်း လိုက်နာစေရန် ပညာပေးစာစောင်များ ဖြန့်ဝေခြင်း၊ စည်းကမ်းမဲ့ယာဉ်များအား လှည့်လည် စစ်ဆေးခြင်းများကို ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုအဖွဲ့ ဆောင်ရွက်လျက်ရှိစဉ်။ (ဇော်)

စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာ၌ ရေရှားပါးမှုနှင့် ရင်ဆိုင်နေရ

စစ်ကိုင်း မေ ၂၂

စစ်ကိုင်းမြို့နှင့် မိုင် ၂၀ ကျော်ကွာဝေးပြီး လူဦးရေ ၄၀၀၀ ကျော် မီတင်းနေထိုင်သည့် တောင်ရင်းကျေးရွာတွင် ကျေးလက်သောက်သုံးကန်ရေများ ရေခန်းခြောက်ပြတ်လပ်မှုကြောင့် သောက်သုံးရေ အခက်အခဲနှင့် ရင်ဆိုင်နေကြရကြောင်း သိရသည်။ တောင်ရင်းကျေးရွာသည် အိမ်ခြေ ၈၁၀ ရှိပြီး ကျေးလက်သောက်သုံးရေကန်ကြီး ၁၁ ကန် တည်ရှိနေသော်လည်း ကျေးရွာအတွင်းတွင် အနက် ပေ ၁၀၀ ဝန်းကျင်ရှိသည့် အဝီစိတွင်း ၃၀ နှင့် စည်ပင်မှ တူးဖော်ပေးထားသည့် ပေ ၂၈၀ အနက်ရှိ အဝီစိတွင်းလေးတွင်း တည်ရှိသော်လည်း မြေအောက်ရေမှာ အငန်ဓာတ်များကာ ခါးသက်နေသည့်အတွက် သောက်သုံး၍ မရဘဲ ချိုးရေ၊ ဆေးရေမျှသာ သုံးစွဲနိုင်ကြောင်း သိရသည်။

“မတ်လဆန်းပိုင်းကစပြီး ကန်ရေတွေခန်းခြောက်ကုန်လို့ နှစ်မိုင်ကျော်ကျော်ဝေးတဲ့ ပဒ္ဒရာနဲ့ ခက်ခရာပေါက်ဆေးကန်ကို ရေသွားခပ်ကြရတယ်။ တချို့ ဧရာဝတီမြစ်ကို သွားခပ်ကြရတယ်။ လှည်းနွားရှိတဲ့သူတွေက ရေစည်လှည်းနဲ့ သွားတိုက်ကြရတယ်။ လှည်းနွားမရှိတဲ့သူတွေက ဆိုင်ကယ်ပေါ် ရေပုံးတွေတင်ပြီး သွားခပ်နေကြရတယ်။ ဆင်းရဲနွမ်းပါးတဲ့သူတွေက ခေါင်းရွက်နဲ့ သွားခပ်ကြရတာ။ ရေစည်လှည်းနဲ့ တိုက်နိုင်သူတွေက မရှိနွမ်းပါး လှည်းနွားမရှိသူတွေကို ရွာသူရွာသားများအချင်းချင်း ရေမျှပေးကြရတယ်။ တချို့ရေမခပ်နိုင်သူတွေက ရေကို ဝယ်သုံးကြရတယ်။ မြစ်ရေ ၅ ဂါလန်ဝင် ပလတ်စတစ်ပုံးတစ်ပုံးကို ကျပ် ၂၀၀၊ ကန်ရေ သုံးပုံးကို ကျပ် ၅၀၀ နဲ့ ဝယ်သုံးကြရတယ်။ မြစ်ရေ ရေစည်လှည်းတစ်စီးကို ကျပ် ၃၀၀၀ပေးကြရတယ်။ ဖေဖော်ဝါရီလပိုင်းကတော့ စစ်ကိုင်း မြို့မိမြို့ဖတွေဦးဆောင်ပြီး ရေစည်ကားတွေနဲ့ ရေလာလှူကြသေးတယ်။ အခုချိန်မှာ တစ်ရွာလုံး ရေပြတ်နေပြီဆိုတော့ ရေစည်ကားနဲ့ လာလှူရင် အဆင်မပြေနိုင်ဘူး။ ရေလုယက်ခပ်ယူကြရင်း အချင်းများနိုင်တယ်။ အဲဒါကြောင့် ရေတင်နိုင်အောင် မြို့မိမြို့ဖအဖွဲ့က ဒီဇယ်ဆီ ၁၉၇ ဂါလန်လှူတယ်။ အခု ဒီဇယ်ဆီ ဂါလန် ၅၀ ရပြီးပြီ” ဟု ကျေးရွာရေရရှိရေးအတွက် ဦးဆောင်လုပ်ကိုင်နေသူ ရွာသားတစ်ဦးက ပြောခြသည်။

ယခုအခါ ကျေးရွာအနီးရှိ ဆည်တမံပိတ် ရေလှောင်ကန်ငယ်များမှာ ရေများ ခန်းခြောက်နေမှုကြောင့် ကျေးရွာနှင့် နှစ်မိုင်ကျော်ဝေးသည့် တမံပိတ် ရေမျက်ရေလှောင်ကန်မှ ရေများကို ရေစုပ်စက်များ၊ ပိုက်လိုင်းများဖြင့် အဆင့်ဆင့်မောင်းနှင်သွယ်တန်းကာ ကျေးရွာရေကန်သို့အရောက် ခက်ခက်ခဲခဲ ရေမောင်းနှင်ရယူလျက်ရှိနေသည်။ **(အောက်ပုံ)**

“အခုနိုင်ငံခြားသားပညာရှင်တွေ ရွာအထိလာရောက် ကွင်းဆင်းပြီး ရေနဲ့ပတ်သက်တာတွေ လေ့လာ မေးမြန်းနေတယ်။ ရေရှိဖို့ ကူညီတော့မှာဆိုတော့ တစ်ရွာလုံးဝမ်းသာနေကြတယ်” ဟု ကျေးရွာ စေတနာလူမှုရေးအသင်း ဦးဆောင်နေသူ ဦးတင်ကျော်ဝင်းက ပြောပြသည်။

(နန္ဒာမင်းလွင်)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

✱ အင်ဒိုနီးရှားမှ

ဘွဲ့လွန်သင်တန်းတက်ရောက်၍ စိုက်ပျိုးရေးဘောဂဗေဒဘာသာဖြင့် ဒေါက်တာဘွဲ့ရရှိသည်အထိ တက်ရောက်လေ့လာဆည်းပူးခဲ့ပါသည်။

ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် ၁၉၇၃ ခုနှစ်တွင် ဒုတိယဗိုလ်အဖြစ် အင်ဒိုနီးရှားတပ်မတော်၌ ခန့်အပ်ခြင်းခံရပြီးနောက် ၂၇ နှစ်ကာလကြာမျှ တပ်ဘက်နှင့် အရပ်ဘက် အစိုးရဆိုင်ရာ အဖွဲ့အစည်းများတွင် ရာထူးတာဝန် အဆင့်ဆင့် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ကုလသမဂ္ဂစစ်ဘက်ရေးရာလေ့လာသူများအဖွဲ့ (United Nations Military Observers) တွင် ကပ်မှူးအဖြစ် လည်းကောင်း၊ ဘော့စနီးယား-ဟာဇီဂိုဗီးနားတွင် အင်ဒိုနီးရှားတပ်ဖွဲ့၏ တပ်မှူးအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် သမ္မတ ဝါဟစ်အစိုးရလက်ထက်တွင် သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် လည်းကောင်း၊ အစိုးရအဖွဲ့၏ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေး ကိစ္စများဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးအဖြစ် လည်းကောင်း၊ သမ္မတ မယ်ဂါဝတီအစိုးရအဖွဲ့တွင်လည်း အစိုးရအဖွဲ့၏ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စများဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါက်တာ ဆူစီလိုကို ၂၀၀၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၏ ပထမဆုံး တိုက်ရိုက်သမ္မတရွေးကောက်ပွဲတွင် ၂၀၀၄-၂၀၀၉ သက်တမ်းအတွက် အင်ဒိုနီးရှားနိုင်ငံ၏ ခြောက်ယောက်မြောက်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ဒေါက်တာ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် ၂၀၀၉-၂၀၁၄ သက်တမ်းအတွက်လည်း သမ္မတအဖြစ် ထပ်မံရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။

ဒေါက်တာ ဆူစီလိုသည် မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုနှင့် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လက်ထပ်ခဲ့ပြီး သားနှစ်ဦးထွန်းကားခဲ့ပါသည်။

မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနို၏ ကိုယ်ရေးအကျဉ်း

မစ္စစ် ဟာဂျာ အာနီး ဘမ်ဘန်း ယူဒိုယိုနိုကို ၁၉၅၂ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျာကာတာ၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှား အလွတ်သင်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ရရှိခဲ့ပါသည်။ ၎င်းသည် ဒေါက်တာဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုနှင့် ၁၉၇၆ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် လက်ထပ်ခဲ့ပြီး သားနှစ်ဦး ထွန်းကားခဲ့ပါသည်။ မစ္စစ်အာနီးသည် ဒီမိုကရက်တစ်ပါတီ၏ ဒုတိယဥက္ကဋ္ဌ တစ်ဦးအနေဖြင့်လည်း တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ၎င်းသည် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု စသည့် လူမှုရေးအစီအစဉ်များကို ထောက်ပံ့ပေးနိုင်ရန် လူမှုရေးအဖွဲ့အစည်းများကို ဖွဲ့စည်းထားပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဧပြီ ၂၂

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့ မွန်းလွဲပိုင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) အနုပညာခန်းမ (၁)၌ ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်)တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနအသီးသီးမှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ**(ယာပုံ)** ပြီးခဲ့သော ၂၀၁၂-၂၀၁၃ နောက်ဆုံးလေးလပတ်ကာလ အတွင်း ဝန်ကြီးဌာနက ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများ၊ ဆောင်ရွက်ဆဲ လုပ်ငန်းများ၊ ဆောင်ရွက်ရန် ကျန်ရှိနေသေးသော လုပ်ငန်းများနှင့် လာမည့် ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဝန်ကြီးဌာနက အဓိကထား ဆောင်ရွက်သွားမည် လုပ်ငန်းများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ခေတ်ပေါ်စရိုက်လက္ခဏာပြောင်းလဲမှု ရေစီးကြောင်းတွင် မျောမပါအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးတွင် တာဝန်ရှိကြောင်းမှာကြားပြီး သရဖူခန်းမ၌ ပြသထားသော ပန်း ၁၀ မျိုးပြခန်းကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အများပြည်သူများအား အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် စင်ကာပူအခြေစိုက် KPMG ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ဘဏ္ဍာရေးဆိုင်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ အရင်းအနှီးဈေးကွက်ဖြစ်ပေါ်လာစေရေး၊ ၂၀၁၅ ခုနှစ်တွင် Stock Exchange အကောင်အထည်ဖော်လာနိုင်မည် အခြေအနေတို့ကို ရည်ရွယ်၍ အများပြည်သူများအား အစုရှယ်ယာများ ကမ်းလှမ်းရောင်းချခြင်းဆိုင်ရာ ဆွေးနွေးပွဲ (Initial Public Offering (IPO) Seminar) ကို မေ ၇ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီ ၄၅ မိနစ်အထိ ရန်ကုန်မြို့ ကုန်သည်/စက်မှု အသင်းချုပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဆွေးနွေးပွဲတွင် အရင်းအနှီးဈေးကွက်၊ Stock Exchange တို့နှင့် စပ်လျဉ်း၍ အကျိုးရှိစေမည် Stock Exchange ဆိုင်ရာ နည်းဥပဒေများ၊ ဘဏ္ဍာရေးဆိုင်ရာ လိုအပ်သည်သတင်းအချက်အလက်များ၊ ကြုံတွေ့ရမည့် အခက်အခဲများ အကျပ်အတည်းများ အောင်မြင်ရေးဆိုင်ရာအချက်များ၊ ရင်းနှီးမြှုပ်နှံမည်ပုဂ္ဂိုလ်များက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ စသည်တို့ကို KPMG ၏ expert များနှင့် Daiwa Institute မှ ပုဂ္ဂိုလ်များက ၎င်းတို့၏ အတွေ့အကြုံကောင်းများကို မြန်မာလုပ်ငန်းရှင်များ သိရှိစေရန် ဆွေးနွေးပြောကြားကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ရန် ဖိတ်ကြားပါကြောင်းနှင့် တက်ရောက်လိုသူများသည် အသင်းချုပ် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဌာန ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ လိုင်းခွဲနံပါတ် ၃၀၁၊ ၁၂၂ တို့သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာကယ်ဆယ်ရေးစခန်းများတွင် သောက်ရေသန့်များ မပြတ်လှူဒါန်းလျက်ရှိ

မိတ္ထီလာ ဧပြီ ၂၂

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုများအတွက် နေ့စဉ်ကျန်းမာရေးနှင့်ညီညွတ်သည် သောက်ရေသန့်များကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် Save the Children အဖွဲ့တို့ ပူးပေါင်း၍ ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် စတင်ဖြန့်ဝေပေးကြောင်း သိရသည်။ **(ဓါတ်ပုံ)**

"ဧပြီ ၂၂ ရက်မှာ အထက (၅)ရှမ်းတဲ၊ အလက (၂)၊ ဗဟိုပို/ဆက်သင်တန်းကျောင်းတွေမှာ ဖွင့်လှစ်ထားတဲ့ ကယ်ဆယ်ရေးစခန်းတွေက မိသားစုတွေအတွက် သောက်ရေသန့် လုံလုံလောက်လောက်ဖြန့်ဝေပေးမှာပါ။ နောက်တစ်နေ့မှာ ကျန်တဲ့ ကယ်ဆယ်ရေးစခန်းလေးခုက မိသားစုတွေအတွက် သောက်ရေသန့်တွေ ဆက်လက်ဖြန့်ဝေပေးသွားမှာပါ"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအား မိသားစုတစ်စုလျှင် လီတာ ၂၀ ဆံ့ ရေဘူးတစ်ဘူးစီ ဖြန့်ဝေပေးပြီး သောက်ရေသန့်သိုလှောင်ကန်ပြုလုပ်ထားသည် ကယ်ဆယ်ရေးစခန်းတိုင်းရှိ သောက်ရေသန့်သိုလှောင်ကန်များမှ လိုသလောက် ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ အဆိုပါ ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအတွက် ဖြန့်ဝေပေးသည် သောက်ရေသန့်အား မိတ္ထီလာကန်အတွင်းရှိရေကို ခေတ်မီရေသန့်စက်ကြီးများဖြင့် စနစ်တကျသန့်စင် ထုတ်လုပ်ရရှိခြင်းဖြစ်ကြောင်း သိရသည်။

(၇၉)

ယနေ့ မိုးလေဝသ

၂၂-၄-၂၀၁၃

ထူးခြားသည့် နေ့အပူချိန်များ

ချောက်	၄၄ ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၄ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

မြိတ်	၁ ဒသမ ၃၇ လက်မ
မြစ်တီ	သုည ဒသမ ၆၇ လက်မ
လောင်းလုံ	သုည ဒသမ ၃၉ လက်မ
မော်လိုက်	သုည ဒသမ ၁၆ လက်မ

နိုင်ငံခြားသတင်း

မြေငလျင်ဒဏ်ခံခဲ့ရသောဒေသ၌ ရွှေ့လျားရေအိမ် အလျင်အမြန်လိုအပ်

လွှမ်း(စီဘွမ်) ဧပြီ ၂၂

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ မြေငလျင်ဒဏ်ခံစားခဲ့ရသော လူရှန်ခရိုင်တွင် ရွှေ့လျားရေအိမ်များ အလျင်အမြန်လိုအပ်လျက်ရှိသည်ဟု ဆင်ဟွာသတင်းထောက်တစ်ဦးက ဧပြီ ၂၂ ရက်တွင် သတင်းပေးပို့ခဲ့သည်။

လက်ရှိအသုံးပြုနေသော ရေအိမ်များတွင် ရေသုံးရသည်မှာ အဆင်ပြေမှုမရှိဘဲ ပြည်သူ့ကျန်းမာရေး ထိခိုက်နိုင်ဖွယ်ရှိသည်။ အိမ်ထဲရှိ ရေအိမ်များမှာလည်း မြေငလျင်ကြောင့် ပျက်စီးမှုများရှိသဖြင့် အန္တရာယ်ကင်းစွာ အသုံးပြု၍မဖြစ်နိုင်တော့ဟု သိရှိရသည်။

ဧပြီ ၂၀ ရက် ပေကျင်းစံတော်ချိန် ၈ နာရီ ၂ မိနစ်တွင် ရစ်ချ်တာစကေး ၇ အဆင့်ရှိ မြေငလျင် လူရှန်ခရိုင်၌ လှုပ်ခတ်ခဲ့ရာ လူ ၁၈၆ ဦးထက်မနည်း သေဆုံး၍ ၁၁၃၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်နယ်အရေးပေါ်ကယ်ဆယ်ရေးဌာနမှ နောက်ဆုံးရရှိသောစာရင်းများ၌ ဖော်ပြထားသည်။

ရုရှားနိုင်ငံကလည်း အဆိုပါမြေငလျင်ဒဏ်ခံခဲ့ရသော တရုတ်နိုင်ငံသို့ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၌ ကူညီထောက်ပံ့ပေးရန် ကယ်ဆယ်ရေးအင်အား ၇၀ ဦးကို လေယာဉ်ဖြင့် ဆိုက်ဘေးရီးယားဒေသမှ တရုတ်နိုင်ငံသို့ နာရီပိုင်းအတွင်း စေလွှတ်ပေးမည်ဟု ဆိုက်ဘေးရီးယားဒေသ အရေးပေါ်ကယ်ဆယ်ရေးဌာန သတင်းထုတ်ပြန်ရေးဌာနက ဒေသဆိုင်ရာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မက္ကာအို အထူးအုပ်ချုပ်ခွင့်ရဒေသ (အက်စ်အေအာရ်)အစိုးရသည် စီချွမ်ပြည်နယ် ယာအန်ဒေသရှိ မြေငလျင်ကယ်ဆယ်ရေးအတွက် ဧပြီ ၂၂ ရက်က အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ သန်းလှူဒါန်းခဲ့သည်။ **ဆင်ဟွာ။**

အမေရိကန်ကာကွယ်ရေးဝန်ကြီးကို အစ္စရေးလေဆိပ်၌ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်နေစဉ်။

အမေရိကန်က အဓိကကျသောစစ်လက်နက်များ အစ္စရေးသို့ရောင်းချပေးရန် သဘောတူ

ဂျေရုဆလင် ဧပြီ ၂၂

အစ္စရေးနိုင်ငံသို့ ခေတ်မီဒုံးကျည်လက်နက်များနှင့် ဂျက်တိုက်လေယာဉ်များ တပ်ဆင်ပေးမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးချပ် ဟေဂယ်က ဂျေရုဆလင်မြို့သို့ အလည်အပတ်ခရီးရောက်ရှိစဉ်အတွင်း ပြောကြားကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယင်းသည် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆော်ဒီအာရေဗျနှင့် အစ္စရေးသုံးနိုင်ငံသို့ တန်ဖိုး အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံရှိသည့် လက်နက်ရောင်းချရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။

အစ္စရေးနိုင်ငံသို့ရောင်းချသည့် ယင်းလက်နက်များသည် ၎င်း၏အိမ်နီးချင်းနိုင်ငံများအပေါ် စစ်ရေးအရ အသာစီးရမှုအား ထိန်းသိမ်းထားနိုင်ရေးအတွက် အထောက်အကူဖြစ်စေလိမ့်မည်ဟု မစ္စတာဟေဂယ်က ပြောကြားသည်။

အမေရိကန်က အစ္စရေးသို့ရောင်းချမည့် လက်နက်များထဲတွင် ခေတ်မီ လေကြောင်းကာကွယ်ရေးဒုံးကျည်များ အပြင် ကေစီ-၁၃၅ ဆီဖြည့်လေယာဉ်များလည်း ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်များ အရှိန်မြင့်တက်လာမှုနှင့် ဒေသအတွင်းရှိ အမေရိကန် ပြည်ထောင်စု၏ မဟာမိတ်နိုင်ငံများ ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် ယင်းလက်နက်ရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်ထွက်ပေါ်လာခြင်းလည်းဖြစ်သည်။

အစ္စရေးသို့ရောင်းချမည့် လက်နက်များတွင် ဗွီ-၂၂ အော်စပရေးအမျိုးအစား လေယာဉ်များလည်း ပါဝင်ပြီး အစ္စရေးသည် အမေရိကန်၏ မဟာမိတ်နိုင်ငံများထဲတွင် ယင်းအမျိုးအစားလေယာဉ်အား ပထမဆုံးဝယ်ယူခွင့်ရရှိမည့် နိုင်ငံလည်းဖြစ်လာသည်။ **ဘီဘီစီ။**

အရေးပေါ်ဆင်းသက်သည့် ရဟတ်ယာဉ်မှ လူများကို တာလီဘန် ဖမ်းဆီး

အန်ကာရာ ဧပြီ ၂၂

အရပ်ဘက်သုံး ရဟတ်ယာဉ်တစ်စင်းသည် ဧပြီ ၂၁ ရက် ညနေတွင် အာဖဂန်နစ္စတန်အရှေ့ပိုင်းသို့ အရေးပေါ်ဆင်းသက်ခဲ့ကြောင်း၊ အဆိုပါရဟတ်ယာဉ်ပေါ်မှ တူရကီနိုင်ငံသားရစ်ဦးနှင့် အာဖဂန်နစ္စတန်နိုင်ငံသားတစ်ဦးတို့ကို တာလီဘန်တို့က ဖမ်းဆီးခဲ့ကြသည်ဟု တူရကီ ဒေးလီးသတင်းဌာနက ဧပြီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုရဟတ်ယာဉ်မှာ အာဖဂန်နစ္စတန်နိုင်ငံတွင် စီမံကိန်းကြီးဆောင်ရွက်နေသော တူရကီကုမ္ပဏီပိုင်ဖြစ်သည်ဟု သတင်း၌ဖော်ပြထားသည်။

ခိုစ်မြို့အရှေ့ဘက်မှ ကဘူးလ်မြို့သို့ ဦးတည်ပျံသန်းလာသော အဆိုပါရဟတ်ယာဉ်သည် ရာသီဥတုမကောင်းသဖြင့် အာဖဂန်အရှေ့ပိုင်း တာလီဘန်တို့ထိန်းချုပ်ထားသော နယ်မြေတွင် အရေးပေါ်ဆင်းသက်ခဲ့ကြောင်း၊ ရဟတ်ယာဉ်ကို ရှာဖွေတွေ့ရှိပြီး ရဟတ်ယာဉ်မှူးနှင့် လိုက်ပါလာသူကိုးဦးကို တာလီဘန်တို့ပြန်ပေးဆွဲသွားမည်ကို စိုးရိမ်ကြောင့်ကြနေရကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

အကျဉ်းသားများ အစုလိုက်သတ်သည့် ဘရာဇီးရဲအရာရှိများ ထောင် ၁၅၆ နှစ်စီကျ

ဘရာဇီးလီးယား ဧပြီ ၂၂

၁၉၉၂ ခုနှစ်က ဘရာဇီးနိုင်ငံ၌ နာမည်ဆိုးဖြင့် ကျော်ကြားသည့် အကျဉ်းထောင်တစ်ခုအတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ပါဝင်ခဲ့သော ရဲအရာရှိ ၂၃ ဦးကို ထောင် ၁၅၆ နှစ်စီကျခံစေရန် တရားသူကြီးတစ်ဦးက အမိန့်ချလိုက်ကြောင်း ဆင်ဟွာသတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ဘရာဇီးနိုင်ငံ၌ အကြီးဆုံးမြို့ဖြစ်သော ဆာပေါ်လိုရှိ ကာရန်ဒီရုအကျဉ်းထောင်ဆူပူထကြွမှုကို နှိမ်နင်းရာတွင် အဆိုပါရဲအရာရှိများသည် အကျဉ်းသား၁၃ဦးကို သတ်ဖြတ်ခဲ့ကြသည်။ ထိုဖြစ်ရပ်က ကာရန်ဒီရု အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဟု ဟိုးဟိုးကျော်ခဲ့သည်။

အကျဉ်းထောင်ဒုတိယထပ်၌ အကျဉ်းသားအုံကြွမှုတွင် စက်သေနတ်များသုံး၍ပစ်ခတ်ခဲ့သောရဲအရာရှိများသည် အပြစ်ရှိသည်ဟု ခုနစ်ဦးပါဂျူရီလူကြီးမင်းများ ဆိုသည်။

ကာရန်ဒီရုအကျဉ်းထောင်သည် တောင်အမေရိက၌ အကြီးဆုံးစံပြထောင်ဖြစ်သည်။ အကျဉ်းသား ၈၀၀၀ ကျော်ထိန်းသိမ်းထားနိုင်ပြီး ၂၀၀၂ ခုနှစ်တွင်ပိတ်၍ ဖျက်သိမ်းခဲ့သည်။ **ဆင်ဟွာ။**

အစိုးရတပ်ဖွဲ့ မြို့သိမ်းတိုက်ပွဲအတွင်း တစ်စိတ်တစ်ဒေသကို တွေ့မြင်ရစဉ်။

ဆီးရီးယားအစိုးရတပ် မြို့သိမ်း၊ လူဒါဇင်ပေါင်းများစွာ သတ်ဖြတ်

ဒမတ်စကတ် ဧပြီ ၂၂

ဆီးရီးယားအစိုးရတပ်များသည် မြို့တော်ဒမတ်စကတ်အနီးမှ မြို့တစ်မြို့ကိုသိမ်း၍ ကလေးများနှင့် မိန်းမများအပါအဝင် လူ ၈၀ ခန့်ကိုသတ်ဖြတ်ခဲ့ကြောင်း အတိုက်အခံလှုပ်ရှားသူများက ပြောသည်။

ငါးရက်ကြာတိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားပြီးနောက် အစိုးရတပ်သည် ဂျေဒိုင်ဒက်အဲလ်ဖာတဲလ်မြို့ကို မွေနှောက်ခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ယင်းမြို့တွင် အစိုးရတပ်ဖွဲ့သည် ဆုံးရှုံးမှုကြီးမားခဲ့သည်ဟု ဆီးရီးယားအစိုးရသတင်းဌာန ဆာနာက ဖော်ပြသည်။

၂၀၁၁ ခုနှစ် မတ်လ၌ လူထုအုံကြွမှု စတင်ခဲ့သည့်အချိန်မှစ၍ သေဆုံးခဲ့သောလူဦးရေမှာ အနည်းဆုံး ၇၀၀၀၀ ရှိပြီဖြစ်သည်။

ယခုနောက်ဆုံးသတ်ဖြတ်ခြင်းသည် ဒမတ်စကတ်ပတ်ဝန်းကျင်တွင် သူပုန်တို့ထိန်းချုပ်ထားသည့် နယ်မြေများကို အစိုးရတပ်ဖွဲ့က ထိုးဖောက်ရန်ကြိုးစားရာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဂျေဒိုင်ဒက်အဲလ်ဖာတဲလ်မြို့၌ အနည်းဆုံး လူ ၈၀ သေဆုံးခဲ့ခြင်းကို အမည်နှင့်တကွဖော်ပြနိုင်ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးလေ့လာရေးအဖွဲ့က ကြေညာသည်။ **ဘီဘီစီ။**

ပတ်ဝန်းကျင်နိုင်ငံတကာသတင်းအနှံ့

ကိုယ်ကျိုးရှာခဲ့သည့် လေကြောင်းလိုင်းသုံးခု ဒဏ်ငွေတပ်ခံရ

ကိုယ်ကျိုးစီးပွားအမြတ်ရရေးအလို့ငှာ နယူးဇီလန်နိုင်ငံအတွင်း ကုန်စည်များသယ်ဆောင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း သုံးခုအနေဖြင့် ဒဏ်ကြေးငွေစုစုပေါင်း နယူးဇီလန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၆ မီလီယံ) ပေးဆောင်ရမည်ဖြစ်ကြောင်း နယူးဇီလန်စီးပွားရေးကော်မရှင်က မေ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။သို့ဖြစ်၍ Cathay Pacific Airways လေကြောင်းလိုင်း ကုမ္ပဏီမှ ဒဏ်ကြေးငွေ နယူးဇီလန်ဒေါ်လာ ၄ ဒသမ ၃ မီလီယံကို လည်းကောင်း၊Thai Airways International DLC မှ နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၇ မီလီယံကိုလည်းကောင်း၊ မလေးရှားလေကြောင်းလိုင်း ကုမ္ပဏီ MAS Kargo System Berhad မှ နယူးဇီလန်ဒေါ်လာ ၂ ဒသမ ၆ မီလီယံကိုလည်းကောင်း အသီးသီးပေးဆောင်ရမည်ဖြစ်သည်ဆို၏။

လေကြောင်းပိုင်နက်အသုံးပြုရန် အစ္စရေးအား ဂျော်ဒန်ခွင့်ပြု

ဂျော်ဒန်နိုင်ငံသည် အစ္စရေးအား ဆီးရီးယားစစ်ပွဲအခြေအနေ စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ၎င်း၏လေကြောင်းပိုင်နက်လမ်းကြောင်း နှစ်ခုကို အသုံးပြုခွင့်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြသည်။ ဂျော်ဒန်နိုင်ငံမှ ခွင့်ပြုခဲ့သည့် လေကြောင်းပိုင်နက်နှစ်ခုမှာ အစ္စရေးနိုင်ငံတောင်ပိုင်း နီဂျက်ဗ်ခရိုင်မှ ဂျော်ဒန် နိုင်ငံတောင်ပိုင်းသို့ ပင်ရောက်နိုင်သည့်လမ်းကြောင်းနှင့် အစ္စရေးလေတပ် ဌာနချုပ်မှ ဂျော်ဒန်နိုင်ငံ အမ်မန်မြို့မြောက်ပိုင်းသို့ ပင်ရောက်သည့် လမ်းကြောင်းတို့ဖြစ်သည်ဆို၏။

၂၀၁၂ အတွင်း (ADB)၏အသုံးစရိတ် ဒေါ်လာ ၂၁ ဒသမ ၅၇ ဘီလီယံရှိ

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ၂၀၁၂ ခုနှစ်အတွင်း ဘဏ္ဍာရေး ဆိုင်ရာ အသုံးစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၇ ဘီလီယံ သုံးစွဲခဲ့ကြောင်း အဆိုပါဘဏ်၏ နှစ်စဉ်ထုတ်ပြန်လေ့ရှိသော ဘဏ္ဍာရေး ဆိုင်ရာ အစီရင်ခံစာအရ သိရသည်။၂၀၁၂ ခုနှစ်အတွင်း အာရှဖွံ့ဖြိုးရေး ဘဏ်၏အသုံးစရိတ်စုစုပေါင်းကို ကဏ္ဍကြီးငါးရပ်အတွက် အသုံးပြုခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းတို့မှာ လျှပ်စစ်စွမ်းအား၊ သယ်ယူပို့ဆောင်ရေးကဲ့သို့သော အခြေခံလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများ၊ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းများနှင့် ပညာရေးကဏ္ဍဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက်ဖြစ်ကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးက မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဟိန်းထက်လင်း - စုစည်းတင်ပြသည်

ညောင်ဦးတွင် မီးဘေးသင့်ပြည်သူများအား စုပေါင်းလှူဒါန်း

ညောင်ဦး မေ ၂၂

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယမ်းဆမ်းကျေးရွာ၌ မေ ၂၀ ရက် မွန်းလွဲ ၁ နာရီခန့်တွင် နေအိမ် ၁၉ လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသော မီးဘေးသင့်ပြည်သူများအား ခရိုင်/မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၂၇၁၈၀၀၊ ဆန်အိတ်များ၊ အဝတ်အထည်များနှင့် အခြားအသုံး အဆောင်ပစ္စည်းများ လှူဒါန်းခြင်းအခမ်းအနားကို ယာယီကယ်ဆယ်ရေး စခန်းဖြစ်သည့် ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်း၌ ကျင်းပ သည်။ (ယာပုံ)

အခမ်းအနားသို့ ညောင်ဦးခရိုင်/မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် Royal Began Foundation တို့ တက်ရောက်လှူဒါန်းခဲ့ကြသည်။ ထို့ပြင် အလှူရှင်ဦးမျိုးမင်းဦး - ဒေါ်သဲမဥ္ဇူမြင့် (Royal Began Foundation) မိသားစုက မီးလောင်ပျက်စီးခဲ့သည့် နေအိမ် ၁၉ လုံးအား ပြန်လည်ဆောက် လုပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ လှူဒါန်းမှုနှင့်ပတ်သက်၍ အလှူရှင်ဦးမျိုးမင်းဦးက "ကျွန်တော်ဒီကိုလာတဲ့ရည်ရွယ်ချက်က အဝတ် အထည်တွေ၊ ဆန်အိတ်တွေနဲ့ အလှူငွေလှူမယ်ဆိုပြီးလာခဲ့တာပါ။ နေအိမ် ပြန်လည်ဆောက်လုပ်လှူဒါန်းဖို့မပါပါဘူး၊ ဒီရောက်ပြီး မီးဘေးသင့်ပြည်သူ တွေနဲ့တွေ့တော့ တော်တော်များများက သက်ကြီးရွယ်အိုတွေဖြစ်နေတယ်၊ သူတို့မှာလည်း အိမ်ပြန်ဆောက်နိုင်ဖို့ ငွေအင်အားမတတ်နိုင်ဘူးဆိုတာသိရ တယ်၊ ကျွန်တော်တို့ဆိုက ရာသီဥတုကအရမ်းပူတယ်လေ၊ ဒီအပူဒဏ်ကို အဘိုးအဘွားတွေ နေအိမ်မရှိရင် ဘယ်လိုမခံနိုင်ရည်ရှိမှာမဟုတ်ဘူး၊ အဲဒါကို ကျွန်တော်စဉ်းစားမိတယ်၊ ဒါကြောင့် နေအိမ်ပြန်လည်ဆောက်လုပ်လှူဒါန်းဖို့ ဆုံးဖြတ်လိုက်တာပါ"ဟု လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းပြခဲ့သည်။

အဆိုပါဆောက်လုပ်လှူဒါန်းမည့် အဆောက်အအုံအမျိုးအစားမှာ လေးပင်၊ သုံးပင် ဝါးကပ်မိုး၊ ထရံကာ၊ ဝါးခင်းဖြစ်ကြောင်း၊ အဆောက်အအုံပစ္စည်း များကို ပုံစံတူဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ နေအိမ်တစ်အိမ်၏ ကုန်ကျငွေတန်ဖိုးမှာ ကျပ် ၈၄၁၀၀၀ လျာထားကြောင်း၊ ရာသီဥတုပူပြင်းနေ သောကြောင့် မီးဘေးသင့်ပြည်သူများအတွက် လိုအပ်ချက်အရ အမြန်ဆုံး ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ (ဓိသူရ)

ဖုန်းဆင်းကတ်ဝယ်ယူလိုသူ၏ လက်ရေးစာမူဖြင့် ရေးသားသည့်လျှောက်လွှာကိုသာလက်ခံ

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားမြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှချထားပေးသော တန်ဖိုး နည်း CDMA ဖုန်းဆင်းကတ်ဝယ်ယူ ခွင့် လျှောက်လွှာများကို ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် လျှောက် ထားရမည်ဖြစ်သည်။ ထိုသို့ရပ်ကွက် ရုံးများတွင် လျှောက်လွှာတင်ကြသည့် ပြည်သူများ၏ လျှောက်လွှာအရေ အတွက်မှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှချပေးသော ဖုန်းဆင်းကတ် အရေအတွက်ထက် ကျော်လွန်နေပါက အမှန်တကယ်အသုံးပြုမည့်ပြည်သူများ လက်ဝယ်ရောက်ရှိရေးအတွက် ပြည်သူ အကျိုးပြုရပ်မိရပ်ဖများနှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်း ကြီးကြပ်ပြီး မဲစနစ်ဖြင့်ဝယ်ယူခွင့် ပြုသွားမည်ဖြစ်သည်။

ထိုတန်ဖိုးနည်း CDMA ဖုန်းဆင်း ကတ်ဝယ်ယူခွင့်လျှောက်လွှာပုံစံကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရပ် ကွက်အုပ်ချုပ်ရေးမှူးရုံးအချို့တွင် လျှောက်လွှာပုံစံတစ်စောင်လျှင် ကျပ် ၂၀၀ မှ ကျပ် ၃၀၀ နှုန်းဖြင့်ရောင်းချပေး သော်လည်း ထချို့အုပ်ချုပ်ရေးမှူး ရုံးတို့၌ ဖုန်းဆင်းကတ်ဝယ်ယူလိုသူ၏ လက်ရေးမှဖြင့် ရေးသားလျှောက်ထား သော လျှောက်လွှာကိုသာ လက်ခံကြ သည်။ ယင်းကြောင့် ကိုယ်တိုင်လက်ရေး မှဖြင့် ရေးသားလျှောက်ထားရသည့် ရပ်ကွက်များ၌ စာရေးစက္ကူ အရောင်းဆိုင်များနှင့် မိတ္တူဆိုင်များ တွင် ယခင် A-4 စာရွက်အလွတ် တစ်စောင်လျှင် ၁၅ ကျပ်မှ ကျပ် ၁၀၀ ထိဝေးဝယ်ကြရသည်။

ယင်းကဲ့သို့ ဖုန်းဆင်းကတ်ဝယ်ယူ ခွင့်လျှောက်လွှာပုံစံကို ထထရေးမှဖြင့် သာ လက်ခံသည့် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးများ ပြည်သူနှင့်အုပ်ချုပ်ရေးမှူး ရုံးကြားမလိုလားအပ်သော ငွေကြေး ကိစ္စရပ်များအမြင်ရှင်းအောင် ဖုန်း ဆင်းတတ်ဝယ်ယူလိုသူ၏ လက်ရေး မှဖြင့် လျှောက်လွှာကိုသာ လက်ခံ ခြင်းဖြစ်ကြောင်း ပြည်သူများထံမှ ကြားသိရသည်။(အောက်ဝဲပုံ)

(ထွန်းဝင်း)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၅-၂၀၁၃ (အင်္ဂါနေ့)

၇း၀၃ တရားတော်
၇း၂၉ မြန်မာ့ရှုခင်း
၇း၄၅ သာယာသီကြွေး
ခေတ်ဆန်းတေး
၈း၁၀ ဇာတ်လမ်းတို
၄း၂၀ အလွမ်းတေးပန်းခြံချစ်သူဆီ
၄း၂၅ အင်္ဂလိပ်စာသုတ
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဟာသလွင်ပြင(ဒုတိယတွဲ)
(အပိုင်း-၉၇)
(ဇာတ်သိမ်း)
၆း၃ပ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ရွှေရောင်လွှမ်းမယ့်
တို့မနက်ဖြန်
(အပိုင်း-၂၆)
-ဟာသရုပ်စုံ
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ပြည်သူ့တရားရှင်ပေါင်ချိန်"
(အပိုင်း-၂၈)

မိမိရပ်ရွာ/ရပ်ကွက်တွင်

(က) လမ်းသွားရင်း ဆေးလိပ်မသောက်ပါနှင့်။
(ခ) မီးသတ်ယာဉ်များ ဝင်/ထွက် သွားလာနိုင်အောင် လမ်းများပြုပြင်ရှင်းလင်း ထားပါ။
(ဂ) သဘာဝရေကန်၊ အုတ်ရေကန်များ ထူးဖော်ဆောက်လုပ်ပါ။
(ဃ) ရပ်ကွက်အတွင်း လူနေအိမ်များ စနစ်တကျ ဆောက်လုပ်ပါ၊ အိပ်နံ့ဘေး အဖီအဆွယ် နေထိုင်ခြင်းများကို ရှောင်ကြဉ်ပါ။
(င) မီးကို စနစ်တကျ သုံးစွဲရေးအတွက် နှိုးဆော်ပေးပါ။

မီးသတ်ဦးစီးဌာန

ခေတ်ဝန်ကိုပိုး - ခေတ်ရှေ့တိုးမည့် - ခေတ်မိုးသတင်းစာ

ခေတ်မိုး နေ့စဉ်သတင်းစာ

The Time Leader Daily

(Classified Advertisements)

Email : KhitMoe@gmail.com

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာခြင်း

အမေရိကန်နိုင်ငံ Emissions Technology of Texas.LLC မှထုတ်လုပ်သော ECO2, ECO4,ECO5 စသည့် စက်စွမ်းအားမြှင့်ကိရိယာအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ တင်သွင်း ဖြန့်ချိရောင်းချနိုင်ရန်အတွက် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၆၀)ဘီတွင် ဖွင့်လှစ်ထားသော Winn Art Trading Co.,Ltd အား တရားဝင် တစ်ဦးတည်းသောကိုယ်စားလှယ် အဖြစ် ခန့်အပ်ထားပြီးဖြစ်ပါသည်။ အထက်ဝါလိပ်စာ၌ အင်ဂျင်မျိုးစုံတွင် အသုံးပြုနိုင်သော (၂၀) ရာခိုင်နှုန်းအတွက် ဆီစားသက်သာသည့် ECO2,ECO4,ECO5 စသည့် စက်စွမ်းအားမြှင့်ကိရိယာ အမျိုးမျိုးတို့ကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အဆိုပါစက်စွမ်းအားမြှင့် ကိရိယာ အမျိုးမျိုးတို့အတွက် အသုံးပြုသည့်အောက်ဖော်ပြပါ ကုန်ပစ္စည်းအမှတ်တံဆိပ်အမည်အမှတ်အသား ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၉-၁-၂၀၁၃ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် (၉၄၂/၂၀၁၃) ဖြင့် မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

ECO Systems
Fuel Enhancer

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုမည့်အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတုပုံမှား၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှားတုပပြုလုပ်၍ တရားဝင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နီဝမ်းလိုင်အောင်
LL.B, DA(UK),3rd Year of Dip in Thai(YUFL)
အထက်တန်းရှေ့နေ (စဉ်- ၂၇၆၉၇)

တိုင်းရင်းသားလူမျိုးများအတွက် အများပြည်သူဝန်ဆောင်မှု မီဒီယာ

ဒေါက်တာသီတာတင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်သည့် ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁) နိုင်ငံတော်အခြေခံမူများ၏ ပုဒ်မ (၂၂)တွင် နိုင်ငံတော်သည်-

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရန် ကူညီဆောင်ရွက်မည်၊

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်၊

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြပါရှိသည်။

ထိုသို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသည်နှင့်အညီ နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာစကား၊ စာပေအနုပညာယဉ်ကျေးမှုတို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာလာစေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မကြာသေးမီကာလများအတွင်း နေ့စဉ်ထုတ်သတင်းစာများတွင် နိုင်ငံပိုင်သတင်းစာလုပ်ငန်း(ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာ)နှင့် မြန်မာ့ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့ကို အများပြည်သူဝန်ဆောင်မှု သတင်းစာနှင့် အများပြည်သူဝန်ဆောင်မှု ရေဒီယိုနှင့်ရုပ်မြင်သံကြားသို့ ပြောင်းလဲလုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာထားသည်ကိုတွေ့ရပါသည်။ အဆိုပါ အများပြည်သူဝန်ဆောင်မှု မီဒီယာလုပ်ငန်းများတွင် ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအတွက်လည်း အလေးအနက်ထား၍ **ဦးစားပေးဆောင်ရွက်သွားမည့်ဖြစ်ပါသည်။**

အများပြည်သူပန်ဆောင်မှုမီဒီယာဆိုသည်မှာ အများပြည်သူများကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးရာတွင် အစီအစဉ်အမျိုးမျိုးအဖုံဖုံကို တင်ဆက်ပေးရုံသာမကဘဲ သာမန်အားဖြင့် အလေးထားခြင်းမခံရသော လူအုပ်စုများ အပါအဝင် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုဝင် ပရိသတ်များအတွက် အစီအစဉ်များ၊ ပြည်သူအများအားယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာအသိပညာများဖြန့်ဖြူးပေးရန် ရည်ရွယ်ပါသည်။ အများပြည်သူများအား ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာ တိုးတက်မြင့်မားလာစေရန် ရည်သန်ကာ အမြတ်အစွန်းကို အဓိကမထားဘဲ ဆောင်ရွက်သော ဝန်ဆောင်မှုဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးသော ယခုအခါသမယတွင် ဒီမိုကရေစီစနစ်နှင့်လျော်ညီစွာ အများပြည်သူများကို မီဒီယာဖြင့် ပန်ဆောင်မှုပေးနိုင်ရန် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းကို ရေးဆွဲလျက်ရှိပါသည်။ ရည်ရွယ်ချက်မှာ **အများပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်ရန် အတွက်လည်းကောင်း၊ လွတ်လပ်ပြီး အနှောင်အဖွဲ့ကင်းလွတ်သော အများပြည်သူဝန်ဆောင်မှုမီဒီယာများ** ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း ရည်ရွယ်ပါသည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ အခြေခံမူများမှ အချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လွတ်လပ်စွာထုတ်ဖော်ရေးသားခွင့်နှင့် လွတ်လပ်စွာသတင်းပေးပိုင်ခွင့်ကို ကျင့်သုံးရမည်။

(ခ) တိုင်းရင်းသားလူမျိုးစု၊ ယဉ်ကျေးမှုနှင့် ဘာသာကွဲပြားမှုများကို ထည့်သွင်းစဉ်းစားကာ အများပြည်သူအား ဝန်ဆောင်မှု၊ ဖျော်ဖြေမှု၊ အသိဉာဏ်ပညာနှင့်သတင်းအချက်အလက်များပေးမည့် အစီအစဉ်များကို ပြည့်စုံစွာဖော်ပြရမည်၊

(ဂ) အများပြည်သူအကျိုးငှာ ပုဂ္ဂလိက မီဒီယာများမှ ဖော်ပြနိုင်ခြင်းမရှိသည့် အစီအစဉ်များအား ဖြည့်စွက်ပေးခြင်း၊ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများအား ဖြည့်ဆည်းပေးခြင်း၊ ပြည်သူလူထု၏ အမြင်နှင့်ရှုထောင့်အမျိုးမျိုးတို့ကို ဖော်ပြပေးခြင်း စသည် အရည်အသွေးပြည့်မီသော ဆန်းသစ်သည့် အစီအစဉ်များကို ဖော်ပြရမည်၊

အခြေခံမူကို အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များအနက် တိုင်းရင်းသားများအတွက် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များမှာ **မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှုများကို ထင်ဟပ်စေလျက် အမျိုးသားရေးစရိုက်လက္ခဏာကို ပေါ်လွင်အောင်ဖော်ပြခြင်းနှင့် တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများအတွက် ၄င်းတို့ ဘာသာစကားဖြင့် ဖော်ပြထုတ်လွှင့်သည့် အစီအစဉ်များပါဝင်ခြင်း**တို့ဖြစ်ပါသည်။

အများဖြည့်သူများကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးခြင်းဖြင့် ပြည်သူများအား ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာတိုးတက်မြင့်မားလာစေပြီး နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးမူဝါဒတစ်ခုဖြစ်သော ကောင်းမွန်သောအုပ်ချုပ်မှု (good governance) နှင့် တရားဥပဒေစိုးမိုးရေး (Rule of Law) ဟူသည့် ရည်မှန်းချက်များကို ရရှိစေနိုင်မည့် လုပ်ငန်းတစ်ခုအဖြစ်ခံယူကာ အများပြည်သူဝန်ဆောင်မှုမီဒီယာကို ပေါ်ပေါက်လာစေရန် ရည်သန်၍ ပြန်ကြားရေးဝန်ကြီးဌာနက ၂၀၁၁ ခုနှစ်မှ စတင်ကာ အများပြည်သူဝန်ဆောင်မှုမီဒီယာဥပဒေကြမ်းကို ရေးဆွဲဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အများပြည်သူများအား ယဉ်ကျေးမှုနှင့် အသိဉာဏ်ပညာတိုးတက်မြင့်မားလာစေခြင်းသည် စီးပွားရေးလုပ်ငန်းများကဲ့သို့ အမြတ်အစွန်းကို ကိန်းဂဏန်းများဖြင့် လတ်တလောတွက်ချက်ကာ မပြနိုင်သော်လည်း ရေရှည်တွင် ထင်ရှားမမြင်သာသည့် (intangible) လူမှုရေးအကျိုးအမြတ်များ သိသာထင်ရှားစွာ တိုးပွားလာနိုင်မည်ဖြစ်ပါသည်။

အဆိုပါဥပဒေကြမ်းပေါ်ပေါက်လာပါက ဒေသတွင်းသတင်းများကို အလေးထားဖော်ပြသည့် ဒေသအဆင့်ထုတ် (Regional Newspaper) သတင်းစာများလည်း ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ထို့အပြင် UNESCO နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် International Media Support (IMS)၊ Friedrich Ebert Stiftung (FES) တို့၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိသည့် Broadcast Law ဥပဒေကြမ်းတွင် တိုင်းရင်းသားလူမျိုးစုများနှင့် လူနည်းစုများအတွက် ၎င်းတို့၏ ဘာသာစကားအစီအစဉ်များပါရှိ ထုတ်လွှင့်ပေးသည့် Community Radio Station များကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွင် လိုင်စင်ရယူကာ ထူထောင်နိုင်ရန် ဆွေးနွေးဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသံမှ ယခုထုတ်လွှင့်လျက်ရှိသည့် တိုင်းရင်းသားအစီအစဉ်ထုတ်လွှင့်နေမှုများမှာ တိုင်းရင်းသားဘာသာစကား ၁၄ မျိုးကို နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ည ၁၀ နာရီအထိ တစ်ကြိမ် ထုတ်လွှင့်လျက်ရှိရာမှ ထပ်မံအားဖြည့်သည့်အနေဖြင့် အများပြည်သူကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးရန် မြန်မာ့ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ရုပ်သံလိုင်းသစ်တစ်ခုဖြစ်သည့် ပြည်ထောင်စုရုပ်သံလိုင်းကို ယခုနှစ်အတွင်း လာမည့်စက်တင်ဘာလမှစတင်ပြီး ထုတ်လွှင့်ပြသရန် ဆောင်ရွက် လျက်ရှိ ပါသည်။ အဆိုပါအစီအစဉ်သစ်တွင် ဘာသာကြီးရှစ်ခုဖြင့် ထုတ်လွှင့်ပြသ မည်ဖြစ်သည်။ ၎င်းဘာသာကြီးရှစ်ခုမှာ ကချင်၊ ကယား၊ ကရင်၊ ချင်းဘာသာ နှစ်ဘာသာ၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် တိုင်းရင်းသားရေးရာတို့ဖြစ်သည်။ ချင်းဘာသာစကားဖြင့် ထုတ်လွှင့်ရာတွင် ချင်း(ဖလမ်း)ဘာသာဖြင့် လည်းကောင်း၊ ချင်း(မင်းတပ်)ဘာသာဖြင့် လည်းကောင်း ထုတ်လွှင့်ပေးမည်ဖြစ်သည်။ ထုတ်လွှင့်ချိန်မှာ နံနက် ၆နာရီမှ ည ၁၁ နာရီအထိဖြစ်ပါသည်။ ထုတ်လွှင့် ပြသမည့် အစီအစဉ်များမှာ ၎င်းတို့၏သီချင်းများ၊ ရိုးရာမလေ့ထုံးစံများ၊ ရိုးရာဓလေ့ ဟောပြောချက်များ၊ ဒေသသတင်း၊ နိုင်ငံတော်မှ ထုတ်ပြန်သော သတင်း၊ မြန်မာ့ရေဒီယိုနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော သတင်းအကျဉ်း များဖြစ်သည်။

ယင်းပြည်ထောင်စု ရုပ်သံလိုင်းကို ထုတ်လွှင့်ပြသနိုင်ရန် လိုအပ်သည်များကို ကြိုတင်လုပ်ဆောင်နိုင်ရန် ယခုနှစ်မတ်လအတွင်းက သက်ဆိုင်ရာ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် ပြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးသော ဒီမိုကရေစီစနစ်နှင့်လျော်ညီစွာ မီဒီယာလွတ်လပ်ခွင့်ကို ပေးသည့်အနေဖြင့် စာပေစိစစ်ရေးစနစ် (censorship) ကိုလည်း ၂၀၁၂ ဩဂုတ်လမှ စတင်ကာ လုံးဝဖျက်သိမ်းခဲ့ပြီး ဂျာနယ်ထုတ်ဝေခွင့်များကို ပိုမိုခွင့်ပြုခဲ့သည်။ ထုတ်ဝေခွင့်အားလုံးလည်း on line မှ မိနစ်ပိုင်းဖြင့် ခွင့်ပြုချက်များ ထုတ်ပေးလျက်ရှိပါသည်။ ထို့ကြောင့် ယခုအချိန်အထိ တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေလျက်ရှိသည့် ဂျာနယ်များမှာ မွန်ဘာသာဖြင့် ဂျာနယ်နှစ်စောင်၊ မွန်-မြန်မာ နှစ်ဘာသာဖြင့် တစ်စောင်၊ ရှမ်း-မြန်မာ နှစ်ဘာသာဖြင့် တစ်စောင်နှင့် ပိုးကရင်-မြန်မာ၊ စကောကရင်-မြန်မာ၊ တီးတိန်ချင်း-မြန်မာ အစရှိသည့် ဘာသာစကားများဖြင့် ထုတ်ပေသည့် ဘာသာရေးစာစောင်များလည်း ရှိနေပြီဖြစ်ပါသည်။ ယခုအခါ တိုင်းရင်းသားဘာသာဖြင့် နေ့စဉ်သတင်းစာများ ထုတ်ဝေခွင့်ပြုထားပြီးဖြစ်ရာ မကြာမီ တိုင်းရင်းသားနေ့စဉ်သတင်းစာများကိုလည်း တွေ့မြင်လာရတော့မည်ဖြစ်သည်။ အစိုးရသတင်းစာနှစ်စောင်ကို **အများပြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် စတင်ပြောင်းလဲနေပြီဖြစ်သောကြောင့်** တိုင်းရင်းသားများအကြောင်း ပိုမိုဖော်ပြလာသည်ကိုတွေ့ရပါသည်။ နောင်တွင် **အများပြည်သူဝန်ဆောင်မှု သတင်းစာအဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာပါက** တိုင်းရင်းသားတို့၏ သီချင်းများ၊ သဘောထားအမြင်များ၊ ခံစားချက်များ၊ ရိုးရာမလေ့ထုံးစံများ၊ ဘာသာစကားများ၊ **ဒေသန္တရ**ဗဟုသုတများ၊ ရိုးရာဓလေ့ အစားအစာများအကြောင်းများ၊ ပို၍စုံလင်စွာ ဖော်ပြနိုင်မည်ဖြစ်ပါသည်။ ယခုထက်ပို၍ **ရေးသူကလည်း ရေးကြရန်၊ ထုတ်လုပ်သူများကလည်း ထုတ်ဝေသွားရန် အားပေးလိုက်ပါသည်။**

အစိုးရအသစ် တာဝန်ယူချိန်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအညီ တိုင်းရင်းသားများ၏ အရေးအရာများကို ဦးစားပေးကာ တိုင်းရင်းသားအစီအစဉ်များ တိုးချဲ့ထုတ်လွှင့်ရန်အတွက် ဖြစ်နိုင်သမျှ ကြိုးစား၍ အစီအစဉ်တကျ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေခဲ့ခြင်းဖြစ်ပါသည်။ ယင်းအားထုတ်မှုများကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ **အကျိုးကို ဖော်ဆောင်ပေးမည့် အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်း**သည် မကြာမီထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

> အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုသည်မှာ အများပြည်သူများကို မီဒီယာဖြင့် ဝန်ဆောင်မှုပေးရာတွင် အစီအစဉ်အမျိုးမျိုးအဖုံဖုံကို တင်ဆက်ပေးရုံသာမကဘဲ သာမန်အားဖြင့် အလေးထားခြင်းမခံရသော လူအုပ်စုများအပါအဝင် လူနည်းစု တိုင်းရင်းသားမျိုးနွယ်စုဝင် ပရိသတ်များအတွက် အစီအစဉ်များ၊ ပြည်သူအများအား ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာအသိပညာများ ဖြန့်ဖြူးပေးရန်ရည်ရွယ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အထူးအစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်လျှောက်ထား

ရန်ကုန်　　မေ　၂၂

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မဟာနာယကကျောင်းဆောင် အစည်းအဝေးခန်းမ၌ ၁၃၇၄ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ပြန်လည်ကျင်းပရေးဆိုင်ရာ အထူးအစည်းအဝေးသို့ တက်ရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော တာဝန်ကျ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကာ စာမေးပွဲပြန်လည်ကျင်းပရေးဆိုင်ရာကိစ္စများ တင်ပြလျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**　**(သတင်းစဉ်)**

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ပြန်လည်ကျင်းပမည်

နေပြည်တော်　　မေ　၂၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပမည့် ၂၀၁၃ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲများကို ယာယီရွှေ့ဆိုင်းထားရာမှ မေ ၂ ရက်မှ ၁၄ ရက်ထိ တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်လည်ကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၇ ရက် (ကြာသပတေးနေ့)မှ ကဆုန်လဆန်း ၁ ရက် (သောကြာနေ့) (၂၀၁၃ ခုနှစ် မေ ၂ ရက် မှ ၁၀ ရက်)ထိလည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၅ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက် (ဗုဒ္ဓဟူးနေ့)မှ ကဆုန်လဆန်း ၅ ရက် (အင်္ဂါနေ့) (၂၀၁၃ ခုနှစ် မေ ၈ ရက်မှ ၁၄ ရက်)ထိလည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများတွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများ ကျင်းပမည့်အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ဝေငှဆက်ကပ်ထားပြီးဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်း ရွှေရတုအကြို ရုပ်တုဖွင့်ပွဲကျင်းပ

ရွှေဘို　　မေ　၂၂

၁၉၆၃ ခုနှစ်မှစတင်၍ သမိုင်းဝင်သော ဝါရဂူဘွဲ့ရ လူငယ်ဖွံ့ဖြိုးရေးစခန်းကျောင်းအုပ်ကြီး ဒေါက်တာဦးသန်းထွန်း (ရွှေဘို)ဖွင့်လှစ်ခဲ့သော ရွှေဘိုလူငယ်ဖွံ့ဖြိုးရေးစခန်းသည် ယခု ၂၀၁၃ ခုနှစ်တွင် နှစ်ဝေါင်း ၅၀ ရှိပြီဖြစ်သဖြင့် ရွှေရတုသဘင်အခမ်းအနားကို မကြာမီကျင်းပတော့မည်ဖြစ်သည်။ မူလစတင်ဖွင့်လှစ်ခဲ့သည့်အချိန်က မိဘမဲ့ကျောင်းဟု အမည်တပ်ခဲ့ပြီး နောင်တွင် လူငယ်ဖွံ့ဖြိုးရေးစခန်းဟု အမည်ပြောင်းလဲခဲ့သည်။

ဆရာကြီးသည် တစ်ဖက်က ကလေးသူငယ်များကို စောင့်ရှောက်ရင်း အခြားတစ်ဖက်မှလည်း သုတေသနကျမ်းစာအုပ်များ၊ လုံးချင်းစာအုပ်များ၊ (မြန်မာနှင့်အင်္ဂလိပ်)ဆောင်းပါးများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ တွေ့ဆုံမေးမြန်းချက်များ စသည်တို့ကို ရေးသားထုတ်လွှင့်ခဲ့သည်။ ထို့ပြင် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အလောင်းမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တော် ကျောက်စာ၊ မဟာနန္ဒာကန်တော်ကျောက်စာ၊ ရွှေဝရတနာ မင်္ဂလာနန်းတော်ကျောက်စာတို့ကိုလည်း ရေးသားမှတ်တမ်းတင်ခဲ့သည်။

ယခုအခါ ဆရာကြီး၏အသက် (၇၄) နှစ်ရှိပြီဖြစ်ပြီး စခန်းကြီးကြပ်မှုကော်မတီမှ ဆရာကြီး၏ သမိုင်းဝင်ဆောင်ရွက်ချက်များကို ဂုဏ်ပြုသည့်အနေဖြင့် မေ ၂၀ ရက် နံနက် ၉ နာရီတွင် အဆိုပါစခန်း၌ ဆရာကြီး၏ ရုပ်တုဖွင့်ပွဲကို ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

(၅၇၂)

ဒေးဗစ်ဖလားပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်း

ရန်ကုန်　　မေ　၂၂

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (TFM) နှင့် အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် (ITF) တို့ပူးပေါင်း၍ 2013 Davis Cup BNP Paribas, Asia/Oceania Zone Group III & IV တင်းနစ်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရန်အတွက် ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အိမ်ရှင်နိုင်ငံအဖြစ် သတ်မှတ်ထားသည့်ရက်များတွင် လက်ခံကျင်းပရန် အစီအစဉ်များ ပြုလုပ်ထားသော်လည်း အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၃ ခုနှစ် မေ ၁၃ ရက်နေ့စွဲပါ ညွှန်ကြားစာအရ ကျင်းပရန် ခွင့်ပြုထားခြင်းအား ဝယ်ဖျက်ဝါကြောင်းနှင့် ပြိုင်ပွဲကျင်းပခွင့်ပြုမည့်ရက်အား ထပ်မံအသိပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သို့ အကြောင်းကြားစာ ပေးပို့ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၂ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပါသည်-

(က)　အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၄၁ ဌာနတို့၌ ဖြေဆိုသူ ၁၃၆၀၀ ဦး၊ အောင်မြင်သူ ၈၀၈၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၃၂၃ ဦးရှိ၍ စာဖြေဌာနအားလုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁)　**စာဖြေဌာနအားလုံး ပထမ**
ခုံအမှတ် ၆၊ မစန္ဒာထွေး၊ ကလေးစာဖြေဌာန
ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

(၂)　**စာဖြေဌာနအားလုံး ဒုတိယ**
ခုံအမှတ် ၇၊ ဦးတင်စိုး၊ ဝဇ္ဇန်တောင်စာဖြေဌာန
ဝဇ္ဇန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃)　**စာဖြေဌာနအားလုံး တတိယ**
ခုံအမှတ် ၂၄၊ ဒေါ်ဖြိုးဝဝဝင်း၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(ခ)　အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၉၀ တို့၌ ဖြေဆိုသူ ၂၉၃၇ ဦး၊ အောင်မြင်သူ ၂၄၆၅ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၆၁၈ ဦးရှိ၍ စာဖြေဌာနအားလုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁)　**စာဖြေဌာနအားလုံး ပထမ**
ခုံအမှတ် ၄၊ မစိမ်းမှိုမှို၊ ကျောက်မဲစာဖြေဌာန
ကျောက်မဲမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

(၂)　**စာဖြေဌာနအားလုံး ဒုတိယ**
ခုံအမှတ် ၅၄၊ ဒေါ်ဗိုလ်ဗိုလ်မြင့်၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၃)　**စာဖြေဌာနအားလုံး တတိယ**
ခုံအမှတ် ၁၄၊ ဒေါ်ခင်သန်းဝင်း၊ လှိုင်စာဖြေဌာန
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဂ)　ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၇၉ ဌာနတို့၌ ဖြေဆိုသူ ၁၈၈၉ ဦး၊ အောင်မြင်သူ ၁၄၅၆ ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ ၁၈၉ ဦးရှိ၍ စာဖြေဌာနအားလုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ-

(၁)　**စာဖြေဌာနအားလုံး ပထမ**
ခုံအမှတ် ၁၅၊ မမိသီတာမွန်၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၂)　**စာဖြေဌာနအားလုံး ဒုတိယ**
ခုံအမှတ် ၁၆၊ ဒေါ်ခက်ခက်မွန်၊ ပြင်ဦးလွင်စာဖြေဌာန
ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး

(၃)　**စာဖြေဌာနအားလုံး တတိယ**
ခုံအမှတ် ၁၈၊ ဒေါ်လှဥမ္မာ၊
ဒဂုံမြို့သစ်တောင်ပိုင်းစာဖြေဌာန
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။　အောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ပါသည်။　**သာသနာရေးဦးစီးဌာန**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၄-၂၀၁၃ (အင်္ဂါနေ့)

၅း၄၀	"လက်တွဲပျော်ရွှင်နိဗ္ဗာန်ဝင်" တရားတော် (သီတဂူဆရာတော် အရှင်တိက္ခသာရ)
၅း၁၅	**Minute to Win It**
၆း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလိုမဖြစ်" (အပိုင်း-၄၀)
၇း၀၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာရွှေဖူးစာ" (အပိုင်း-၅)
၈း၁၅	**PAST & PRESENT SOE THU Live Show (Part 6)**
၈း၄၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၈၄)
၉း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းမှ ပေးစမ်းသော" (အပိုင်း-၂၈)

ပညာရေးဆွေးနွေးပွဲ
May 4 & 5 (Sat & Sun) - 10:00am to 4:00pm သင်္ဃန်းကျွန်းမြို့နယ်
MEC
နိုင်ငံတကာအသိအမှတ်ပြု အလုပ်အကိုင်အခွင့်အလမ်းကောင်းသော ဒီပလိုမာ သင်တန်းများ
တုန်ကျူးစရိတ် (လျှော့) သက်သာပြီး ကမ္ဘာ့ကျန်းမာရေးဌာန အသိအမှတ်ပြု ဆေးပညာဆိုင်ရာ MBBS / Master in Medicine သင်တန်းများ
နိုင်ငံခြားခရီးသွားများပြားလာခြင်းကြောင့် ဟိုတယ်များတွင် နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုပေးရန် Hotel Diploma+Paid Intern များ
MEC
Specials ▸ ▸ ▸ application fee 50% OFF • FREE Gifts • FREE services ****
Hotline
09 731 700 70 / 09 431 09 225

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၂

ရခိုင်ပြည်နယ် ထည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးထက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ထင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးများ ဒုတိယဝန်ကြီးများနှင့် ဆာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် မေ ၁၉ ရက်မှ ၂၁ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်၍ ရခိုင်ပြည်နယ် ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိထူများ၊ ဒေထခံပြည်သူများနှင့်တွေ့ထုံပြီး အစီအမံများအား မိုးမကျမီ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာထွင် မေ ၁၉ ရက်ထွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဦးထင်နိုင်သိန်းတို့ ဦးဆောင်သော အဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် ထည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးထိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မကီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

အစည်းအဝေးထွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က ရခိုင်ပြည်နယ် ကည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးထိုးထက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မထီနှင့် လုပ်ငန်းကော်မကီ (၇)ခုထိ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကန့်သတ်ချက်များရှိနေသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ သက်ဆိုင်ရာ အပိုင်းအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနများမှ ထာဝန်ရှိသူများ စုပေါင်းထာရောက်ခြင်း ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် ထည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးအဆင်ပြေအောင် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထင်နိုင်သိန်းက ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်း ကော်မတီ၏ လုပ်ငန်းတာဝန်များတွင် မိုးရာသီမကျရောက်မီ ဒုက္ခသည် စခန်းများရှိ ဒုက္ခသည်များနေထိုင်ရေးပြဿနာကို ကြိုတင်စီမံဆောင်ရွက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ရေတို၊ ရေရှည် စီမံချက်ရေးဆွဲထင်ပြရန်ဟူ၍ ရှိပါကြောင်း၊ လက်ရှိ ရေထို ဆောင်ရွက်ရမည့်လုပ်ငန်းများမှ ရေရှည် လုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လုံခြုံရေး၊ ထည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်နိုင်နင်းနင်းကွပ်ကဲ ထိန်းသိမ်း အုပ်ချုပ်မှုလိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံအောပြီးလုပ်ရန် တာစူနေချိန်ဖြစ်ရာ တည်ငြိမ်အေးချမ်းမှ ဆောင်ရွက်၍ရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရခိုင်ပြည်နယ် အစိုးရနှင့် UN/ INGO များ ဝိုင်းဝန်းပူပေါင်းပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ယာယီနေရာချထားရန် ရှစ်ခန်းတွဲ ထန်းလျား ၁၄၇၅ လုံး လိုအပ်ပါကြောင်း၊ ပေါက်ထော၊ မြေပုံနှင့် ကျောက်ဖြူမြို့နယ်များတွင် UNHCR မှ ထာဝန်ယူ၍ ဧပြီလကုန်ထွင် စထင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ စစ်တွေတွင် ဆောက်လုပ်မည် တန်းထျားများအတွက် ကုမ္ပဏီများအား တာဝန်ပေးထားပြီး ပစ္စည်းများ စုဆောင်းလျက်ရှိကြောင်းနှင့် မြို့နယ်အလိုက် ကယ်ဆယ်ရေးစခန်းများရှိ ရွှေ့ပြောင်းနေထိုင်သူများအား နေရာချထားပေးနိုင်မည် အစီအမံများ၊ ရေနှင့် ကျန်းမာရေး၊ ပညာရေး အခြေအနေ လိုအပ်ချက်များကို ရှင်းလင်းပြောကြားပြီး ကယ်ဆယ်ရေးစခန်းများအလိုက် စီမံခန့်ခွဲမှု ဦးစီးကော်မတီဖွဲ့စည်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ထည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မကီအထွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုထိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်နေရာချထားရေး အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ ယိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မိုးမကျမီ မိုးလုံလေလုံဖြစ်သည့် အဆောက်အအုံများအောက်သို့ ရောက်ရှိရေး၊ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်သည့်နေရာများထွင် ပြန်လည်လုပ်ကိုင်နိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်၍ ငွေကြေးနှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း နှစ်ပေါင်းများစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသူများဖြစ်၍ သူ့အကျိုး၊ ကိုယ့်အကျိုးနှစ်ဦးနှစ်ဖက် မျှမျှတတဖြင့် လူသားချင်းစာနာထောက်ထားသည့် အမြင်ဖြင့် နားလည်သည်းခံခွင့်ယွှတ်ပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကြရန် လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ ပေါင်းစပ်ညှိနှိုင်း၊ ဆောင်ရွက်နိုင်ရန် စစ်တွေထွင် ရုံးဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအားလုံး၊ ညီညီညွတ်ညွတ်နှင့် ကျရာတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိုးမကျမီ ထိုးထက်မှုများရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးထင်ပြသွားသည်။

ဆက်လက်၍ အစည်းအဝေးသို့ ထက်ရောက်လာသည့် သက်ဆိုင်ရာ လုပ်ဝန်းကော်မတီများမှ ကိုယ်စားလှယ်များဖြစ်ကြသော ရခိုင်ပြည်နယ် ယုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထင်လင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုထိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုယ်ချုပ်ဇော်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးထိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က လုပ်ငန်းတာဝန်များအပေါ် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးထင်နိုင်သိန်းက ပြန်လည်သုံးသပ်ဆွေးနွေး၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောင်းမြမြို့၌ ဗိုဘိုင်းဖုန်းရောင်းချရေး ရှင်းလင်း

မြောင်းမြ မေ ၂၂

တန်ဖိုးနည်းဖုန်းများကို မေ ၂၄ ရက်မှစတင်၍ ရောင်းချပေးမည့် အစီအစဉ်ရှင်းလင်းပွဲကို မေ ၂၁ ရက်က မြောင်းမြမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး လျှောက်လွှာများကို မြို့နယ် ထန်ဖိုးနည်း ဖုန်းချထားရေးကော်မထီ အဖွဲ့သို့ လျှောက်ထားရမည် ဖြစ်ပြီး ယျှောက်လွှာများကို မေ ၂၂ ရက်မှ ၂၃ ရက် ညနေ ၄ နာရီထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

(ဇော်မင်းသွင်-မြောင်းမြ)

ကျော်ဖုံးမှ

ဦးတင်အောင်(ဂိုး)တို့ ပထမဆုံးရရှိခဲ့ကြသည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လ်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်ထင်က ဆွတ်ခူးရရှိခဲ့ပြီး ယခုနှစ်တွင် ဦးမျိုးဝင်းညွှန့်၊ ဦးသန်းစိုး(ဆပ်သီး)၊ ဦးခင်မောင်ကြိုင်တို့ သုံးဦး ရရှိခဲ့ခြင်းဖြစ်သည်။ AFC မှ အဆိုပါဆုကို လာမည့် မေလ ၃ ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၂၅)ကြိမ်မြောက် AFC Congress ထွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။ **(ဇော်မင်းအောင်)**

ပခုက္ကူစာပေဆုများနှင့် ပခုက္ကူစာကြည့်တိုက်စာအုပ်ဆု ထုတ်ပြန်ကြေညာ၊ တစ်သက်တာစာပေဆုကို ဦးဘသန်း(မဟာဝိဇ္ဇာ) ရရှိ

ရန်ကုန် မေ ၂၂

ပခုက္ကူဦးအုံးဖေထည်ထောင်သော ပခုက္ကူစာပေဆုများကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၂ ခုနှစ်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာမှ ယနေ့ထုတ်ပြန်ကြေညာသည်။

ကဗျာပေါင်းချုပ်ဆုတွင် မြေလတ်မင်းလွင်ရေးသားသည့် " ချိုငှက်ပျို့ပျို့ ကူသံချိုကဗျာများ" စာမူက ဒုတိယ၊ မောင်စောထွန်း(ကျောင်းကုန်း) ရေးသားသည့် " တို့မြေရေ တို့ချစ်သည်နှင့် အခြားကဗျာများ" စာမူက တတိယ၊ ဝတ္ထုရှည်ဆုတွင် တင့်ထွန်း(ချောက်)ရေးသားသည့် " မနက်ဖြန်များစွာသို့တိုင်" စာမူက တတိယ၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် မောင်ခြိမ့်ရေးသားသည့် " ခူဝံကြယ်လား လက်ဖဝါးထဲမှာ ရသဝတ္ထုတိုများ" စာမူက ပထမ၊ သွဲ့ထားညို(သက္ကလ) ရေးသားသည့် "ဆောင်းပေါင်မိုး အမှတ်တရ ဝတ္ထုတိုများ" စာမူက ဒုတိယ၊ ရန်ကုန်ငွေးဇော်ရေးသားသည့် "သူငွေး ဝတ္ထုတိုပေါင်းချုပ်" စာမူက တတိယ၊ ကျမ်းစာပေဆုတွင် မောင်မောင်ချစ်ဦး (မုံရွာ)ရေးသားသည့် " မြန်မာ့ဆင်ဖြူတော်" စာမူက ဒုတိယ၊ ဇင်မင်း (သမိန်ထော)ရေးသားသည့် " အနုသုခုမ သမိုင်းစဉ်မှ မြန်မာ့ဂီတတီးဝိုင်းများ" စာမူက တတိယ၊ သုတေသနစာပေဆုတွင် မောင်မောင်နန်းနွယ် ရေးသားသည့် " မြတ်နိုးဖွယ်ရာ တောင်ဦးသဲကျောက် အနုပညာ" စာမူက ပထမ၊ သန်းထွန်း(မော်လမြိုင်)ရေးသားသည့် " ခေတ်သမိုင်းအခြေပြု ဗုဒ္ဓဆင်းတုတော်များ"စာမူက ဒုတိယ၊ မောင်ယဉ်လှိုင်း(ပျဉ်းမဖြိုင်)ရေးသားသည့် "ရွှံ့မီးဖုတ် အုတ်အလှပန်းအလက်ာ" စာမူက တတိယ အသီးသီးရရှိကြသည်။

ပခုက္ကူမြို့၌ ဖွင့်လှစ်ထားသည့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်သို့ ရောက်ရှိခဲ့သော ၂၀၁၂ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက် ၂၀၁၂ ခုနှစ်အတွက် စာကြည့်တိုက်စာအုပ်ဆုကို စာရေးဆရာမသို့ (အင်ကြင်း) ရေးသားသည့် " ဘူးထဲကရေ" စာအုပ်က ရရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် " တစ်သက်တာစာပေဆု"ကို စာရေးဆရာကြီး ဦးဘသန်း (မဟာဝိဇ္ဇာ)က ရရှိသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ပညာသင်ဆုများအတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်မင်းသူနိုင် ပထမနှစ် (ပန်းပု)က လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်မင်းဦး ဒုတိယနှစ်(သဘင်ပညာ)တို့က လည်းကောင်း အသီးသီးရရှိကြသည်။

ဆုနှင်းသဘင်အခမ်းအနားကို မေ ၄ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Traders ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉ ထို့သို့ အမြန်ဆုံး ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

လမ်းမတော်မြို့နယ်နေပြည်သူများအား တန်ဖိုးနည်းဖုန်းများ မဲနှိုက်ရောင်းချပေးမည်

ရန်ကုန် မေ ၂၂

မေ ၂၄ ရက်မှစ၍ ထန်ဖိုးနည်း ထျပ် ၁၅၀၀ တန် CDMA 800 MHzများကို မြန်မာနိုင်ငံထစ်ဝန်းလုံးရှိ ဖုန်းဆက်သွယ်အသုံးပြု၍ရသော ဒေသအသီးသီးမှ အခြေခံအဆင့်ဖြစ်သော ရပ်ကွက်နှင့်ဌာနဆိုင်ရာတို့မှ ရောင်းချပေးမည်ဖြစ်ရာ ဝယ်ယူလိုသော ရပ်ကွက်သားများထံမှ လျှောက်လွှာများ ခေါ်ယူနေကြောင်း သိရသည်။

လမ်းမတော်မြို့နယ်တွင် မေ ၂၃ ရက် ညနေ ၆ နာရီတွင် လမ်းအလိုက် ရွေးချယ်ထားသော ကိုယ်စားလှယ်ငါးဦးစီ၏ ရှေ့မှောက်တွင် မဲနှိုက်ရောင်းချခွင့်ပေးမည်ဖြစ်ပြီး လမ်းအယိုက်ရွေးချယ်ထားသော ကိုယ်စားလှယ်ငါးဦးစီ၏ အမည်နှင့် လိပ်စာများကို ကြေညာထားပြီး ယင်းရွေးချယ်ထားသော ကိုယ်စားလှယ်များ ကျေနပ်မှုမရှိပါက ဖုန်းလျှောက်ထားသူများအနေဖြင့် မေ ၂၃ ရက် ညနေ ၄ နာရီမတိုင်မီ ရုံးသို့လာရောက်ထင်ပြနိုင်ကြောင်း ကြေညာထားကြောင်း သိရသည်။

(မောင်စေအောင်)

သုံးခွမြို့တွင် မိုဘိုင်းဖုန်းများမဲနှိုက်ပြီးဖြစ်

သုံးခွ မေ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့်ရောင်းချပေးမည့် CDMA 800 MHz စနစ်အမျိုးအစား မိုဘိုင်းဖုန်းများကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရှစ်မျက်နှာဘုရား ဓမ္မရက္ခိတထန်ဆောင်းအတွင်း၌ ခွဲထန်းရရှိသည် ပထမအသုတ် ငွေကျပ် ၁၅၀၀ တန် ဆင်းကတ် ၁၁ ခုအားမဲနှိုက်ပေးပြီးဖြစ်ကြောင်း မဲပေါက်သူများအား မေ ၂၄ ရက်တွင် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။**(ကျော်ဆန်း-သုံးခွ)**

❍ **အလုပ်အကိုင် အခွင့်အလမ်းမှ**

ကြေးမုံ ။ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို သိပါရစေ။

ဦးဝင်းနိုင်ထွန်း။ ။ ဒီစီမံကိန်းကို မြန်မာကုမ္ပဏီနဲ့ ဂျပန်ကုမ္ပဏီကို ပူးပေါင်း ဆောင်ရွက်မှာဖြစ်ပြီး အဆင့် (က)နှင့် အဆင့်(ခ)ဟူ၍ အဆင့်နှစ်ဆင့်ဖြင့် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်း (က)တွင် မော်တော်ကားစက်ရုံ အီလက်ထရွန်နစ်စက်ရုံ စတဲ့ အကြီးစားစက်မှုလုပ်ငန်းများ၊ လူနေရပ်ကွက်များ၊ ဈေးသင်ကျောင်းများ၊ ဆေးရုံနှင့် အပန်းဖြေစရာ စသည်ကို ပါဝင်မှာဖြစ်ပါတယ်။ စီမံကိန်းအဆင့် (ခ)တွင် အထည်ချုပ်စက်ရုံများ၊ စားသောက်ကုန်စက်ရုံစီမံကိန်းများ ပါဝင်ပါထယ်။

ကြေးမုံ။ ။ စီမံကိန်းဆိုင်ရာဆောင်ရွက်ချက်ကို သိပါရစေ။

ဦးဝင်းနိုင်ထွန်း။ ။ သီလဝါ အထူးစီးပွားရေးဇုန် စီမံကိန်းအနေနဲ့ အဆင့်(က) (class A) နှင့် အဆင့်(ခ) (class B) ဆိုပြီး သတ်မှတ်ထားပါတယ်။ အဆင့်(က)ကို အထူးစီးပွားရေးဇုန်နယ်မြေအထွင်း ဧက ၅၉၃၀ လျာထားပါတယ်။ ဗဟိုလမ်းမကြီးထွင် ၈ မီတာကျယ်တဲ့လမ်းနယ်၊ ၈ မီတာရှိမယ့် နှစ်လမ်းသွားစနစ်နဲ့ ရေမြောင်းများ ပါဝင်ပါထယ်။ လမ်းသွယ်များဟာ ၁၀ မီတာ (ပေ ၃၀ ခန့်) အကျယ်ရှိပြီး အသေးစားနဲ့ အလတ်စား အကွက်များအတွက် ဖောက်လုပ်ထားပါတယ်။ ရေအရင်းအမြစ်အနေဖြင့် ထာလထိုအတွက် ဇာမဏီရေလှောင်ကန်မှ လည်းကောင်း၊ ကာလလတ်အတွက် လဂွန်းပုင်ရေလှောင်ကန်မှ လည်းတောင်း၊ နှစ်ရှည်အတွက် ငမိုးရိပ်ရေလှောင်တမံမှ လည်းကောင်း ရယူပါထယ်။

ကြေးမုံ။ ။ ရေလွှမ်းမိုးမှုအတွက် အကာအကွယ်များ ဘယ်လိုလုပ်ဆောင်ထားပါသလဲ။

ဦးဝင်းနိုင်ထွန်း။ ။ နာဂစ်မုန်တိုင်း (၂၀၀၈ ခုနှစ်)ကာလရေကြီးမှုဟာ ၅ မီတာခွဲ (၁၇ ပေကျော်) ထိရှိခဲ့လို့ ယခုအဆင့်(က) အပိုင်းဟာနာဂစ်ကာလခန့်ရေကြီးမှုကိုခံနိုင်မယ်လို့ခန့်မှန်းထားပါတယ်။

ကြေးမုံ။ ။ လျှပ်စစ်ဓာတ်

အချိန်မတော်အိမ်ကြားအတွင်းပုန်းခို ဝိုင်းဝန်းဖမ်းဆီးရာမှ ဓားဦး…

ပုသိမ် မေ ၂၂

ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ခတ္တာလမ်း အမှတ်(၁၆)နေဦးသန်းစိုး(၅၁)နှစ်၊ AGD ဘဏ်ရှေ့နေ မင်းထက်အောင်(၂၀)နှစ် ဘဏ်လုံခြုံရေး ဟိန်းကိုလတ်(၂၄)နှစ် ဘဏ်လုံခြုံရေးဝန်ထမ်းနှင့် ဇင်မင်းဦး(၂၈)နှစ် ခတ္တာလမ်း AGD ဘဏ်ရှေ့နေသူတို့လေးဦးသည် မေ ၁၈ ရက် ည ၁၀ နာရီခန့်တွင် အတူထိုင်၍ စကားပြောဆိုနေကြစဉ် AGD ဘဏ်ရှေ့နေသူ ဒေါက်တာအောင်မိုးနိုင် (ပွဲစားရာဝန်ဆေးခန်း)နှင့် ဆောက်လုပ်ဆဲတိုက်အကြားသို့ အမည်မသိလူထစ်ဦးဝင်ရောက်ပုန်းခိုနေသည်ကို တွေ့မြင်ရသဖြစ်

ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီစည်းဝေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်ဆွေးနွေးမှာကြား

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေး ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ အစည်းအဝေးတွင် ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၂

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးသည် ယနေ့ နံနက် ၁၁ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီအစည်း အဝေးသို့ တက်ရောက်ပြီး ကျောင်း သုံးစာအုပ်များ အရည်အသွေး မြင့်မားရေးအတွက် ဝဖရိုးစက္ကူ ၇၀ ဂရမ်ကို အသုံးပြုရန်၊ အဖုံးကို Art Card အရောင်လေးရောင်ဖြင့် ပုံနှိပ်ရန်၊ သင့်တင့်မျှတသော ပုံနှိပ်ခ ဈေးနှုန်းဖြစ်စေရန်၊ ပုံနှိပ်ခြင်းဆိုင်ရာ လုပ်ငန်းများ အရည်အသွေး ပြည့်မီရန်တို့ကို ဆွေးနွေးမှာကြား သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြအေးအား နံနက် ၁၀ နာရီတွင် ဂျပန်နိုင်ငံ Mey Sen Academy School မှ Vice Principal Overseas Operation အဖြစ် တာဝန် ထမ်းဆောင်နေသူ Mr. John Edward Broman နှင့် အဖွဲ့က လာရောက်တွေ့ဆုံပြီး အခြေခံပညာ ကျောင်းများမှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင် တတ်မြောက်ရေးဆိုင်ရာ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

○ အလုပ်အကိုင် အခွင့်အလမ်းမှ

ကြေးမုံ။ ။ **သီလဝါအထူး စီးပွားရေးဇုန် စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်မှုကို သိပါ ရစေ။**

ဦးဝင်းနိုင်ထွန်း။ ။ ဒီစီမံကိန်းကို မြန်မာတပ်မှာက်နဲ့ ဂျပန်ကုမ္ပဏီတို့ ပူးပေါင်း ဆောင်ရွက်မှာဖြစ်ပြီး အဆင့် (က)နှင့် အဆင့်(ခ)ဟူ၍ အဆင့်နှစ်ဆင့်ဖြင့် အကောင် အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်း (က)တွင် မော်တော်ကား စက်ရုံ၊ အီလက်ထရွန်နစ်စက်ရုံ စတဲ့ အကြီးစားစက်မှုလုပ်ငန်းများ၊ လူနေရပ်ကွက်များ၊ စာသင်ကျောင်း များ၊ ဆေးရုံနှင့် အပန်းဖြေဧရိယာ စသည်တို့ ပါဝင်မှာဖြစ်ပါတယ်။ စီမံကိန်းအဆင့် (ခ)တွင် အထည် ချုပ်စက်ရုံများ၊ စားသောက်ကုန် စက်ရုံစီမံကိန်းများ ပါဝင်ပါတယ်။

ကြေးမုံ။ ။ **စီမံကိန်းဆိုင်ရာ ဆောင်ရွက်ချက်ကို သိပါရစေ။**

ဦးဝင်းနိုင်ထွန်း။ ။ သီလဝါ အထူး စီးပွားရေးဇုန် စီမံကိန်းအနေနဲ့ အဆင့်(က) (class A) နှင့် အဆင့် (ခ) (class B) ဆိုပြီး သတ်မှတ်ထား ပါတယ်။ အဆင့်(က)ကို အထူး စီးပွားရေးဇုန်နယ်မြေအတွင်း ဧက ၅၉၃၀ လျာထားပါတယ်။ ဗဟိုလမ်းမ ကြီးတွင် ၈ မီတာကျယ်တဲ့လမ်းနယ်၊ ၈ မီတာစီရှိမယ့် နှစ်လမ်းသွားစနစ်နဲ့ ရေမြောင်းများ ပါဝင်ပါတယ်။ လမ်းသွယ်များဟာ ၁၀ မီတာ (ပေ ၃၀ ခန့်) အကျယ်ရှိပြီး အသေးစားနဲ့ အလတ်စား အကွက်များအတွက် ဖောက်လုပ်ထားပါတယ်။ ရေအရင်း အမြစ်အနေဖြင့် ကာလတိုအတွက် ဇာမဏီရေလှောင်ကန်မှ လည်း ကောင်း၊ ကာလလတ်အတွက် လဂွန်းပျင်ရေလှောင်ကန်မှ လည်း ကောင်း၊ နှစ်ရှည်အတွက် ငမိုးရိပ် ရေလှောင်တမံမှ လည်းကောင်း ရယူပါတယ်။

ကြေးမုံ။ ။ **ရေလွှမ်းမိုးမှု အတွက် အကာအကွယ်များ ဘယ်လိုလုပ်ဆောင်ထားပါသလဲ။**

ဦးဝင်းနိုင်ထွန်း။ ။ နာဂစ်မုန် တိုင်း (၂၀၀၈ ခုနှစ်)ကာလရေကြီး မှုဟာ ၅ မီတာခွဲ (၁၇ ပေကျော်) ထိရှိခဲ့လို့ ယခုအဆင့်(က) အပိုင်းဟာနာဂစ်ကာလခန့်ရေကြီးမှု ကိုခံနိုင်မယ်လို့ခန့်မှန်းထားပါတယ်။

ကြေးမုံ။ ။ **လျှပ်စစ်ဓာတ်**

Resource & Environment Myanmar Co., Ltd. မှ ဒါရိုက်တာ ဦးပင်းနိုင်ထွန်း။
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

အား ရရှိမှုနှင့်ပတ်သက်ပြီး ဘယ်လို ဆောင်ရွက်ထားပါသလဲ။

ဦးဝင်းနိုင်ထွန်း။ ။လက်ရှိအခြေ အနေအရ သံလျင်ဓာတ်အားခွဲရုံမှ မီဂါဝပ် ၁၀ မှ ၂၀ အထိပေးနိုင်ပါတယ်။ နောင်အခါမှာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ထပ်မံဖြည့်တင်းရန် စီစဉ်လျက်ရှိပါတယ်။

ကြေးမုံ။ ။ **ဒီစီမံကိန်းမှ ရရှိ တဲ့အကျိုးရလဒ်များကို ပြောပြပေးပါ။**

ဦးဝင်းနိုင်ထွန်း။ ။ဒီစီမံကိန်းကြီး ပြီးစီးသွားပါက လမ်းပန်းဆက်သွယ် ရေး တိုးတက်မှု၊ အလုပ်အကိုင်သစ် များ ဖန်တီးပေးမှုတို့ကြောင့် စီးပွား ရေးတိုးတက်လာမယ့်အပြင် ပိုမို ကောင်းမွန်တဲ့ သောက်ရေနှင့် အညစ်အကြေး စွန့်စနစ်များ၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုနှင့် ပညာရေး၊ ကျန်းမာရေးတွင် Coporate Social Responsibility (CSR) အစီအစဉ်များနဲ့ ပါဝင်လုပ် ဆောင်ပေးမှုများရှိပါတယ်။ စီမံကိန်း ကြောင့် အလုပ်အကိုင်သစ် နှစ်သိန်း ကျော် အလုပ်ခန့်ထားနိုင်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်း နှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်း ကျင် အကျိုးသက်ရောက်မှု အကဲ ဖြတ် လေ့လာဆန်းစစ်မှုလုပ်ငန်း (Environmental Impact Assessment=EIA) က လေ့လာမှု များစတင်ဆောင်ရွက်နေပြီး စီမံကိန်း ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်စေမှု၊ လူမှုရေးအကျိုးများပူးပေါင်းပါဝင်မှု နှင့်အတူ ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးအစီအမံများ ချမှတ် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ရန်ကုန်-နေပြည်တော်လမ်းပိုင်း မိုင်တိုင်အမှတ်(၁၃၂)အနီး ကားများအား ညပိုင်းတွင် လူတစ်စုမှ ခဲများဖြင့် ပစ်ပေါက်

နေပြည်တော် မေ ၂၂

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ခရီးသွားလာနေကြသော မော်တော်ယာဉ်များအား ရန်ကုန်-နေပြည်တော်လမ်းပိုင်း မိုင်တိုင်အမှတ် (၁၃၂)မိုင်နားတွင် ခဲများဖြင့်ပစ်ပေါက်သည့်ဖြစ်စဉ်များကို ခဏခဏကြုံတွေ့ နေရကြောင်း အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်လျက်ရှိသော ယာဉ်မောင်းများထံမှ သိရသည်။ အထူးသဖြင့် ခရီးသည်တင် Express ကားများအား အဓိကထား၍ လုပ်ဆောင်နေကြပြီး အဆိုပါလူများမှာ ညပိုင်းတွင်မှောင်ရိပ်ခိုနားကာ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းဖြစ်ပြီး အနည်းဆုံး လူလေး၊ ငါးဦးပါရှိကြောင်း၊ နေရာခွဲ၍တားများအား ခဲများဖြင့် ပစ်ပေါက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလူများမှာ ပစ်ပေါက်ပြီးသည်နှင့် ထွက်ပြေးမသွားဘဲ ထိုနေရာ တွင် ရပ်စောင့်၍ ကားရပ်သွားလျှင် တစ်ခုခုလုပ်ရန် စောင့်ဆိုင်းနေကြောင်းနှင့် ပစ်ပေါက်ခံရသောကားများမှာ မိမိတို့ကား ဘာဖြစ်သလဲဆိုတာကို ရှေ့သို့ သုံးလေးမိုင်လောက်မောင်းနှင်ပြီးမှ အောက်သို့ ဆင်းကြည့်ရကြောင်း ယာဉ်မောင်းများထံမှ ကြားသိရသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းတစ် လျှောက်တွင် ထိုကဲ့သို့မင်းမဲ့စရိုက်ဆန်ဆန် ဖြစ်ပွားမှုများ မဖြစ်သင့်ကြောင်း၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းကင်း စိတ်ချမ်းမြေ့စွာနှင့် လိုရာခရီးသို့ ရောက်ရှိစေရန် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးစေလိုကြောင်း ခရီးသွား ပြည်သူတစ်ဦးထံမှ ကြားသိခဲ့ရသည်။

နေလှိုင်း(ပျဉ်းမနား)

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့်သည် စစ်တောင်းတံတားလမ်းဟောင်းနှင့် လမ်းသစ်ဆုံရာ ညောင်ခါးရှည်လမ်းဆုံ၌ မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်း လှည့်လည်ရှာဖွေတားဆီးစစ်ဆေးရေး အဖွဲ့ (၂)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကုန်သွယ်မှုပမာဏ တိုးတက်မြင့်မားရေးကို အဓိကအဟန့်အတားတစ်ခုသဖွယ် ဖြစ်ပေါ်နေ သည့် တရားမဝင်ရှောင်ကွင်းလမ်းများမှ တရားမဝင် အကောက်ခွန်မဲ့ ကုန် ပစ္စည်းသယ်ဆောင်မှုများ၊ တရားဝင်ကုန်သွယ်မှု လမ်းကြောင်းပေါ်မှ တရား မဝင် ကုန်သွယ်ကူးသန်းရောင်းဝယ်မှုများ လျော့နည်းပပျောက်စေရေးတို့ အတွက် အဓိကတာဝန်ရှိသည့်အလျောက် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် ရန်ကုန်-မြဝတီလမ်းကြောင်း လှည့်လည်ရှာဖွေ တားဆီး ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ ရန်ကုန်-မြဝတီ လမ်းကြောင်း တရားမဝင်ပစ္စည်းသယ်ဆောင်လမ်းကြောင်းများ၊ လုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေများကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့် အောင်က ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနှစ်ဆန်းတစ်ရက်ကုသိုလ်

ပုသိမ် မေ ၂၂

၁၃၇၅ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်တွင် ပုသိမ်မြို့အမှတ်(၃)နယ်မြေ တာဝတိံသာလမ်းနေ စာရေးဆရာ၊ သတင်းထောက်(ပုသိမ်လှကြည်) ဦးလှကြည်-ဒေါ်မြမြဝင်း၊ (သမီး)မသင်းသင်းလှ၊ (သား) ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ (သမီး) မမွှေးမွှေးလှ မိသားစုက စတုဒိသာမဏ္ဍပ်ပြုလုပ်၍ နှစ်စဉ် ရပ်ကွက်နေ ပြည်သူများအား ဆန်၊ ဆား၊ စားသောက်ဖွယ်ရာ ပစ္စည်း စုံ လှူဒါန်းခြင်း၊ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာနှင့်ဗလာ စာအုပ်များလှူဒါန်းခြင်းများ ပြုလုပ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၅၅၂)

ကျေးရွာအုပ်ချုပ်ရေးမှူး သေကြောင်းကြံ

စစ်ကိုင်း မေ ၂၂

စစ်ကိုင်းမြို့နယ် ဆားတောင်တိုက် နယ် ဘောက်သောက်ကျေးရွာအုပ် ချုပ်ရေးမှူးသည် မိမိကိုယ် မိမိကြိုးဆွဲချ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဘောက်သောက် ကျေးရွာတွင် တာဝန်ထမ်းဆောင် လျက်ရှိသော ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း (၄၂)နှစ်သည် မေ ၂၁ ရက် နံနက် ၇ နာရီခွဲတွင် ၎င်း နေထိုင်လျက်ရှိသော နေအိမ် အဆောက်အအုံ၌ မိမိကိုယ်မိမိ ကြိုးဆွဲချ သေဆုံးလျက်ရှိသည်ကို သမီးဖြစ်သူ မပိုးအိလှိုင်က အိမ် အတွင်းသို့ ပိုက်ဆံဝင်ရောက်ယူစဉ် တွေ့ရှိရသဖြင့် ကျေးရွာနေ ဦးအောင်ဖြိုးမှတစ်ဆင့် ဆားတောင် ရဲစခန်းသို့ သတင်းပို့အကြောင်း ကြားခဲ့သည်။

ဆားတောင် ရဲစခန်းမှူးနှင့်အဖွဲ့ လာရောက် ကြည့်ရှုစစ်ဆေးပြီး သေမှုသေခင်းအမှတ် ၁/၂၀၁၃ ဖြင့် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၂၂၅)

အချုပ်မတော်အိမ်ကြားအတွင်းဝန်းခိုဝင်ရောက်သူကို ငိုင်းဝန်းဝမ်းဆီးရာမှ လေးဦးဓားဒဏ်ရာရရှိ

ပုသိမ် မေ ၂၂

ပုသိမ်မြို့ အမှတ်(၄)ရပ်ကွက် ခတ္တာလမ်း အမှတ်(၁၆)နေဦးသန်းစိုး (၅၀)နှစ်၊ AGD ဘဏ်ရှေ့နေ မင်းထက်အောင်(၂၀)နှစ် ဘဏ်လုံ ခြုံရေး၊ ဟိန်းကိုလတ်(၂၄)နှစ် ဘဏ် လုံခြုံရေးဝန်ထမ်းနှင့် ဇင်မင်းဦး (၂၈)နှစ် ခတ္တာလမ်း AGD ဘဏ် ရှေ့နေသူတို့လေးဦးသည် မေ ၁၈ ရက် ည ၁၁ နာရီခန့်တွင် အတူ ထိုင်၍ စကားပြောဆိုနေကြစဉ် AGD ဘဏ်ရှေ့နေသူ ဒေါက်တာ အောင်မိုးနိုင် (သွားဆရာဝန်ဆေးခန်း) နှင့် ဆောက်လုပ်ဆဲတိုက်အကြားသို့ အမည်မသိလူတစ်ဦးဝင်ရောက်ပုန်း ခိုနေသည်ကို တွေ့မြင်ရသဖြင့် ဝိုင်းဝန်းဖမ်းဆီး မေးမြန်းကြရာ အဆိုပါ ပုန်းခိုသူမှ အရိုးအသွား ၈

လက်မခန့်ဓားဖြင့် ခုခံထွက်ပြေး သွားသည်။

ထို့ကြောင့် ဦးသန်းစိုး၏ ယာခြေမျက်စိ ပြတ်ရှတစ်ချက်၊ မင်းထက်အောင်၏ ယာချိုင်းအောက် ထိုးသွင်းတစ်ချက်၊ ယာလက်မောင်း ပေါက်ပြဲတစ်ချက်၊ ဇင်မင်းဦး၏ ယာပေါင်ပြတ်ရှတစ်ချက်၊ ဟိန်းကို လတ်၏ ဝမ်းဗိုက်ပေါက်ပြဲတစ်ချက်၊ ပေါင်ရင်း ပေါက်ပြဲတစ်ချက်တို့ ရရှိသွားပြီး ထိုသူမှာ ထွက်ပြေး လွတ်မြောက်သွားသည်။ ယင်း အမှုနှင့်ပတ်သက်၍ မေ ၁၉ ရက် နံနက် ၃ နာရီခန့်တွင် ဦးသန်းစိုး၏ တိုင်တန်းချက်အရ အသည်ကြီး ရဲစခန်းမှ (ပ)၇၂/၂၀၁၃၊ ပုဒ်မ-၃၂၆ ဖြင့် အမှုဖွင့်လှစ်၍ နယ်ထိန်းခေါင်း ဆောင် ဒုရဲအုပ်ဇော်မင်းထွန်းနှင့် အဖွဲ့က ပြစ်မှုကျူးလွန်သူကို အချိန် နှင့် တစ်ပြေးညီ စုံစမ်းရှာဖွေရာ အမှတ်(၁) ရပ်ကွက် ကွမ်းခြံရပ် ပန်းခြံလမ်းနေ သံချည်သံကြေးလုပ်သူ ဒိမိုနိုင်(၂၆)နှစ်အား လက်ရဖမ်းဆီး ရမိ၍ အရေးယူဆောင်ရွက်ထားရှိ ကြောင်း သိရသည်။

(ပုသိမ်လှကြည်)

ပျဉ်းမနားမြို့ ဝုတင် (၂၀၀)ဆံ့ ဆေးရုံဝင်းအတွင်း သင်ပင်ပြိုလဲ

ပျဉ်းမနား မေ ၂၂

ပျဉ်းမနားမြို့၌ မေ ၂၀ ရက် ညနေပိုင်းတွင် ရုတ်တရက် မိုးရွာသွန်းခဲ့ရာ ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ လုံးပတ် သုံးပေခွဲခန့်၊ အရှည်ပေ ၃၀ ခန့်ရှိ သစ်ပင်ကြီးတစ်ပင်မှာ အမြစ်မှပြိုလဲခဲ့ပြီး **(အပေါ်ပုံ)** ဝန်ထမ်းများနေထိုင်ရာ လိုင်းခန်းနောက်ဘက် အပေါ်ပိုင်း သို့ ကျရောက်ခဲ့သော်လည်း အပင်အောက်တွင် ရေလှောင် ကန်ရှိခြင်းကြောင့် လူထိခိုက်မှုမရှိဘဲ ကိုင်းဖျားရိုက်ခတ် မိသော အခန်းတစ်ခန်းသာ အပေါ်ပိုင်းအနည်းငယ်ပျက်စီး သွားခဲ့ပြီး မိုးဦး၊ လေဦးကာလများတွင် သဘာဝအန္တရာယ် ဖြစ်သော အပင်များပြိုလဲခြင်း၊ ကိုင်းကျိုးပဲ့ခြင်းများ ဖြစ်ပေါ် လေ့ရှိရာ အများပြည်သူများအနေဖြင့် အသိတရားနှင့် စဉ်းစားတွေးတော နေထိုင်သွားလာရန် လိုအပ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ **(မင်းထက်အောင်)**

စည်းကမ်းမဲ့ခရီးသွားဧည့်သည်တချို့ကြောင့် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ ပျက်စီးဆုံးရှုံးလျက်ရှိ

မိတ္ထီလာ ဧပြီ ၂၂

အဆင့်အတန်းမြင့်မားသည့် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများကြောင့် မိမိတို့နိုင်ငံသည် နိုင်ငံခြားခရီးသွား ဧည့်သည်များအကြား မျက်နှာပန်းလှကာ များစွာထင်ရှားကျော်ကြားသည်။ နှစ်ပေါင်းတစ်ထောင်ကျော်က တည်ရှိခဲ့သည့် ပုဂံခေတ်အနုပညာလက်ရာများသည် ကမ္ဘာ့ခရီးသွား ဧည့်သည်များ၏ နှုတ်ဖျားတွင် တဖွဖွအံ့သြချီးကျူးမှုများကို ခံယူရသကဲ့သို့ တောင်သမန်အင်းမှ ဦးပိန်တံတားအလှသည်လည်း နိုင်ငံခြားသားဧည့်သည်များအတွက် ကြည်နူးနှစ်သိမ့်မှုများ များစွာပေးနိုင်သည့် နေရာတစ်ခုဖြစ်ပါသည်။

၎င်းအပြင် ဗုဒ္ဓသာသနာ့အမွေအနှစ်နှင့် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာ အမွေအနှစ်များတည်ရှိရာ စစ်ကိုင်းတောင်ရိုးသည်လည်း နိုင်ငံခြားခရီးသွား ဧည့်သည်များအတွက် စိတ်ဝင်တစား လာရောက်လေ့လာရာ နေရာတစ်ခုဖြစ်သည်။ အဆိုပါအထင်ကရနေရာများသို့ နိုင်ငံခြားသားဧည့်သည်များသာမက ပြည်တွင်းခရီးသွားဧည့်သည်များသည်လည်း နေ့စဉ်နှင့်အမျှ ရောက်ရှိလည်ပတ်လျက်ရှိသည်။

မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို ဖော်ပြသည့် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများသည် ယနေ့ခေတ်စည်းကမ်းမဲ့ခရီးသွားဧည့်သည်တချို့၏ လက်ချက်ကြောင့် ရုပ်ဆိုးအကျည်းတန်ကာ ပျက်စီးဆုံးရှုံးလျက်ရှိသည်ကို စစ်ကိုင်းတောင်ရိုးရှိ ဥမင်သုံးဆယ်မှ ဆွမ်းဦးပုညရှင်စေတီတော်သွားရာလမ်း ရွှေရင်မျှော်လိုဏ်ဂူအတွင်းရှိ နံရံဆေးရေးပန်းချီလက်ရာများပေါ်တွင် တွေ့ကရာစာတန်းများ ရေးခြစ်ထားသည်ကိုလည်းကောင်း၊ ဦးပိန်တံတားရှိ ရှေးဟောင်း ကျွန်းသစ်သားတံတားတိုင်လုံးများနှင့် နားနေဆောင် ဇရပ်ခုံတန်းလျားများတွင် စိတ်ရှိရာ ရေးခြစ်ထားသည်များကိုလည်းကောင်း တွေ့မြင်ရခြင်းဖြင့် သိရှိနိုင်သည်။**(အောက်ပုံ)**

မြန်မာတို့၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းသမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာနေရာများတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ဆောင်ရွက်ထားသော်လည်း မျက်ကွယ်ပြုရာနေရာများနှင့် ထိန်းသိမ်းစောင့်ရှောက်မှုလျော့နည်းသောနေရာများတွင် စည်းကမ်းမဲ့ခရီးသွားဧည့်သည်တချို့သည် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများကို တန်ဖိုးမဲ့အောင် လုပ်ဆောင်နေသည်ကို တွေ့ရသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များသည်လည်း ၎င်းအခြေအနေများကို မြင်တွေ့ရမည်မှာ ဧကန်မလွဲဖြစ်ပါသည်။ အဆိုးထဲမှ အကောင်းရှာစိတ်မျိုးဖြင့် ယနေ့ခေတ်တွင် မြင်တွေ့နိုင်ခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် သဘာဝအလှတရားများကို လေ့လာခံစားလျက်ရှိသော်လည်း စည်းကမ်းမဲ့သူတချို့ကြောင့် ရုပ်ဆိုးအကျည်းတန်ပျက်စီးသွားသည့် မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စိတ်ဝင်စားသူများပီပီ နှမြောဝမ်းနည်းစိတ်အနည်းနှင့်အများ ဖြစ်နေပေလိမ့်မည်။

စာရေးသူအနေဖြင့် မြန်မာ့ယဉ်ကျေးမှု ရှေးဟောင်းအနုပညာလက်ရာများသည် မိမိတို့နိုင်ငံအားကမ္ဘာနိုင်ငံများအလယ်တွင် ကောင်းသတင်းဂုဏ်ဖြင့် ကျော်ကြားစေသည့်အရာများဖြစ်သည့်အပြင် မိမိတို့နိုင်ငံသို့ လာရောက်လည်ပတ်လေ့လာကြသည့် နိုင်ငံခြားခရီးသွားဧည့်သည်များကြောင့် နိုင်ငံခြားဝင်ငွေ တစ်ဖက်တစ်လမ်းမှ တိုးတက်ရရှိစေသောအရာများလည်းဖြစ်ရာ လူတိုင်း တန်ဖိုးထားစေချင်လှပါသည်။ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် မြန်မာလူမျိုးတိုင်း ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များနှင့် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများကို တာဝန်သိစိတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **ချမ်းသာ(မြန်/ဆက်)**

ကင်းထောက်လူငယ် မောင်ချစ်ဖွယ်

❖ ကင်းထောက်လူငယ် မောင်ချစ်ဖွယ်
ဖျတ်လတ်သွက်လက်တယ်၊
ကောင်းကျိုးမှန်းရွယ် ဆောင်သယ်ပိုး
တက်ကြွ အားမာန်နိုး။

❖ အမျိုးဘာသာ သာသနာ
တောင်ရှောက်ရှိသေကာ၊
ထုံးတမ်းစဉ်လာ အမွေအနှစ်
လေးစားမြတ်နိုးချစ်။

❖ စည်းတမ်းဝနစ် ကျင့်ဝတ်ညီ
ရိုးသားဖြောင့်မတ်သည်၊
စိတ်ဓာတ်ခိုင်ကျည် စွမ်းရည်မြင့်
ဖွံ့ဖြိုးလိုလည်း လိုလဆင့်။

❖ အဝဲအသင့် ကူညီရန်
ကောင်းတဲ့ ဝရိက်မှန်၊
ကောင်းတာကိုကြံ ကောင်းတာရှု
ကောင်းတာအမြဲပြု။

❖ ကောင်းတဲ့အမှု ကောင်းတဲ့ဝန်
တမ်းရွက် ကျေလို့ပွန်၊
ယဉ်ကျေးရည်မွန် ထူးချွန်တက်
ကိုယ်ကျိုး မငဲ့ကွက်။

❖ တစ်ဖက်သားကို ကိုယ်ချင်းတ
ကိုယ်နှင့် နှိုင်းယှဉ်ကာ၊
ရိုင်းပင်းဝဲ့ညာ မေတ္တာထား
အကြင်နာတွေပွား။

❖ လူတိုင်းနှုတ်ဖျား မောင်ချစ်ဖွယ်
ယုံကြည်အားကိုးတယ်၊
သူ့လိုလူငယ် ဖြစ်စေကြောင်း
ကင်းထောက်စိတ်ဓာတ် ပုံသွင်းလောင်း၊
လူမှုဝန်ထမ်းကောင်း။ ။

ရေနံသာ မောင်ကျော်ညွှန့်

ရမည်းသင်းမြို့တွင် အများသုံးကန်များ ကိုယ့်အားကိုယ်ကိုးတူးဖော်

ရမည်းသင်း ဧပြီ ၂၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ အလှူရှင်များ၏စေတနာဖြင့် ကန်များကိုကိုယ်အားကိုယ်ကိုး တူးဖော်လျက်ရှိရာ ကျောင်းဖြူကန်းရပ်ကွက်အတွင်းရှိ ကျောင်းဖြူကန်း ပြည်တော်သာကန်ကို ဧပြီ ၁၉ ရက်မှစ၍ မြေတူးစက်တစ်စီး၊ မြေသယ်ယာဉ် ခုနစ်စီးဖြင့် စတင်တူးဖော် ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

ကျောင်းဖြူကန်း သာသနာ့ဝေပုလ္လကျောင်းဆရာတော်၊ ရပ်ကွက်လူမှုရေးအဖွဲ့ ဦးဆောင်မှု၊ အလှူရှင်များ၏ လှူဒါန်းမှုစေတနာဖြင့် တူးဖော်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယင်းကန်သည် ပြည်တော်သာခေတ်က တူးဖော်ခဲ့သော ကန်ဖြစ်ပြီး ယခုနှစ်တွင် မိုးရွာသွန်းမှုနည်းခြင်း၊ နုန်းများစွာတင်ရှိခြင်းကြောင့် ကန်အတွင်းရေရရှိမှု နည်းခဲ့သည်။ ယင်းကန်သည် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၈၀ အား သုံးရေအတွက်အားပြုရသော ကန်ဖြစ်သည်။ ယခုအခါ ကန်အတွင်းရှိ နုန်းများဆယ်ခြင်း၊ ကန်ပေါင်မြှင့်ခြင်း၊ ကန်အတွင်းမှ တူးဖော်သောမြေများဖြင့် ကန်ဝန်းကျင်လမ်းများ ပြုပြင်ဆောင်ရွက်ခဲ့ကာ ကန်အကျယ်ပေ ၂၀၀ ဝန်းကျင်ရှိပြီး အနက် ၁၆ ပေထိအောင်တူးမည်ဟု သိရသည်။

အလားတူပင် ရတနာYSPလုပ်ငန်းစုအဖွဲ့ကုမ္ပဏီလီမိတက်မှ ကိုက် ၅၀ ပတ်လည်ရှိသော ပျဉ်တပ်ရပ်ကွက်အတွင်းရှိ ဒါးဆေးကန်နှင့် အရှည်ကိုက် ၇၅၀၊ အနံကိုက် ၆၀ ရှိသော ဘဲကန် (ဝေါက်ကွင်းကန်) တို့ကို တူးဖော်ကုသိုလ်ယူခဲ့သည်။

လှိုင်သန်းတင့်(ရမည်းသင်း)

စစ်တွေမြို့ နန္ဒဝန်ဥယျာဉ်သို့ အစန်းမြေထွက်သူများပြား

စစ်တွေ ဧပြီ ၂၂

စစ်တွေမြို့၌ ဧပြီ ၂၁ ရက် နနက်ပိုင်းတွင် မော်တော်ကား၊ သုံးဘီး၊ တက္ကစီဆိုင်ကယ်များဖြင့် အဖွဲ့လိုက်အပန်းဖြေပျော်ပွဲစားထွက်သူများဖြင့် စည်ကားလျက်ရှိသည်။ အစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပွဲပြီး၍ နှစ်သစ်ကူးရုံးပိတ်ရက် တနင်္ဂနွေနေ့တွင် အပန်းဖြေပျော်ပွဲစားထွက်လေ့ရှိကြရာ ယခုနှစ်တွင်လည်း သင်္ကြန်ပွဲဆင်နွှဲခဲ့ကြသည့် ရေကစားမဏ္ဍပ်များ၊ ယိမ်းအဖွဲ့များ၊ ရိုးရာအကအဖွဲ့များနှင့် ရပ်ကွက်အဖွဲ့များသည် သင်္ကြန်ပွဲတော်တွင် ပင်ပန်းခဲ့သမျှကို ပျော်ရှင်မှုဖြင့် ဖြေဖျောက်ပြီး လူသစ်စိတ်သစ်နှင့် အလုပ်ခွင်ဝင်နိုင်ရန်အတွက် အပန်းဖြေပျော်ပွဲစားထွက်ခြင်းဖြစ်ရာ အလွန်စည်ကားပြီး လမ်းတစ်လျှောက်လည်း ရေပက်ဖျန်းကြသည်။ နန္ဒဝန်ဥယျာဉ်သို့ အပန်းဖြေပျော်ပွဲစားထွက်သူတစ်ဦးက "ယခင် နှစ်တွေကဆိုရင် စစ်တွေ ဟိုတယ်ကမ်းခြေနဲ့ ပိုင့်ကို အပန်းဖြေထွက်တာများပါတယ်။ ယခုနှစ်မှာ အားလုံးလည်း သိပြီးဖြစ်တဲ့ ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကြောင့် နေပူထဲပင်လယ်ကမ်းခြေကို မသွားဘဲ သစ်ရိပ်ဝါးရိပ်ကောင်းတဲ့ နန္ဒဝန်ဥယျာဉ်ကို အပန်းဖြေသွားကြတာများတယ်"ဟု ပြောပြသည်။

ကျော်(စစ်တွေကိုယ်ပွား)

ခွေးများ၊ ကြောင်များအား ခွေးရူးပြန်ကာကွယ်ဆေးထိုးပေးမည်

မန္တလေး ဧပြီ ၂၂

မြန်မာနိုင်ငံတိရစ္ဆာန်ဆရာဝန်များအသင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိရစ္ဆာန်ကုဆရာဝန်များ(မန္တလေး)တို့ ပူးပေါင်း၍ WORLD VETRINARY DAY 2013 ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အခမဲ့ခွေးရူးပြန် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အသိပညာပေးဟောပြောမည်အကြောင်း မန္တလေးမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြောကြားခြင်းကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ ၂၀၁၃ ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့၏ ဆောင်ပုဒ်မှာ"Vaccination to Prevent and Protect" "ရောဂါတားဆီးထိန်းချုပ်ဖို့ ကာကွယ်ဆေးထိုးကြစို့"ဖြစ်ပြီး ဧပြီ ၂၇ ရက်တွင် ကျရောက်မည်ဖြစ်သောကြောင့် အိမ်မွေးခွေးများ၊ ကြောင်များအား ခွေးရူးပြန်ကာကွယ်ဆေးအခမဲ့ထိုးပေးမည်ဖြစ်ကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတိုင်းရုံးနှင့် (၈)ရပ်ကွက်၊ (၃)ရပ်ကွက်နှင့် ပြင်ဦးလွင်မြို့၊ မြင်းခြံမြို့များတွင် ခွေးရူးပြန်ကာကွယ်ဆေးထိုးခြင်းအား ပြုလုပ်သွားမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်အဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘုရား၊ ကျောင်းအစရှိသည်တို့တွင် မွေးမြူထားလျက်ရှိသော ခွေးများကို အပတ်စဉ် စနေနေ့တိုင်းလိုက်လံ၍ ခွေးရူးပြန်ကာကွယ်ဆေးအခမဲ့ထိုးနှံခြင်းများကို မန္တလေးတိုင်းဒေသကြီး၌ ပြုလုပ်ပေးလျက်ရှိသောကြောင့် ခွေးရူးပြန်ကာကွယ်ဆေးထိုးနှံလိုသူများသည် ဖုန်း-၀၉-၄၃၁၇၈၈၉၁၊ ၀၉-၂၀၂၄၁၀၅ တို့သို့ ဆက်သွယ်မေးမြန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(ကျော်ထူး)**

စစ်တောင်းမြစ်အတွင်း ရေဆင်းချိုးရာမှ လူငယ်လေးဦး ရေနစ်သေဆုံး

တောင်ငူ မေ ၂၂

သင်္ကြန်အတက်နေ့ဖြစ်သည့် ဧပြီ ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် တောင်ငူမြို့ အမှတ် (၈၉) သစ်ထုတ်လုပ်ရေးဝင်းအတွင်း နေကြသူများဖြစ်ကြသည့် မောင်ဇင်ကိုကို (၁၅)နှစ် (နေ့စားဝန်ထမ်း)၊ မောင်ချစ်ကိုကို (၁၈)နှစ်(နေ့စားဝန်ထမ်း)၊ မောင်လင်းလင်းထွန်း(၁၈)နှစ်(နေ့စားဝန်ထမ်း) နှင့် ကိုဇော်လင်း(၂၈)နှစ် (သစ်ပိုင်းဆရာ)တို့ လေးဦးသည် စစ်တောင်းတံတား(တောင်ငူ)အနီး ပေ ၁၀၀ ခန့်အကွာ စစ်တောင်းမြစ်တွင် ရေဆင်းချိုးရာ ရေနစ်သေဆုံးခဲ့ကြောင်း သိရ၍ တောင်ငူ အမှတ်(၁)ရဲစခန်းမှ သေမှုသေခင်းအမှတ်စဉ် (၇/၂၀၁၃) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ကိုလွင်-ဆွာ)**

အလုပ်သမားအချင်းချင်း နောက်ပြောင်ရာမှ ရန်ဖြစ်သေဆုံး

ရန်ကုန် မေ ၂၂

မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း GM ပိုက်သေးစက်ရုံတွင် အလုပ်သမားအချင်းချင်း နောက်ပြောင်ရာမှ စကားများရန်ဖြစ်ပြီး သမံတလင်းပေါ်သို့ လဲကျဆောင့်မိကာ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ဧပြီ ၁၀ ရက် ည ၉ နာရီ မိနစ် ၃၀ ခန့်တွင် မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း R-9 အမှတ် (၁၄၀) ရှိ GM ပိုက်သေးစက်ရုံတွင် နေမျိုးလွင် (ခ)ပြည့်ဖြိုးလွင် (ပိုက်ရောင်းဝယ်ရေး)(၁၉)နှစ်က ပိုက်ရောင်းရငွေများကို ရေတွက်နေစဉ် ထွန်းထွန်းဦး (၃၀)နှစ်က နောက်ပြောင်၍ ငွေများ လုယူခဲ့သဖြင့် စကားများကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိုးရာ ထွန်းထွန်းဦးမှာ အရက်မူးနေသည့်အချိန်ကြောင့် စက်ရုံအလုပ်သမားများနားနေသည့် သမံတလင်းကြမ်းခင်းပေါ် လဲကျဆောင့်မိပြီး သတိမရဖြစ်နေသဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ပို့စဉ် သေဆုံးသွားကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

မန္တလေးယာဉ်တိုက်မှု မော်တော်ယာဉ်ငါးစီးနှင့် ဆိုင်ကယ်နှစ်စီးပျက်စီး

မန္တလေး မေ ၂၂

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၆၂) လမ်း၊ (၃၉) လမ်းနှင့် လမ်း(၄၀) ကြားရှိ ဧပြီ ၁၉ ရက် နံနက် ၈ နာရီခွဲခန့်တွင် (၆၂) လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်သည့် ၉ဃ/----Surf အဖြူ/ခဲရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဖြစ်ပြီးဝင်တိုက်ရာ မော်တော်ယာဉ်ငါးစီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီးတို့ ပျက်စီးသွားကြောင်း သိရသည်။**(အပေါ်ပုံ)**

"ကားကအရှိန်တော်တော်များမယ်၊ တောင်ဘက်ကနေ မြောက်ဘက်ကို မောင်းလာတာ၊ လမ်းဘေးရပ်ထားတဲ့ ကားငါးစီး၊ ဆိုင်ကယ်နှစ်စီးကို ဝင်တိုက်သွားတာ၊ လူတွေတော့ ထိခိုက်မှုမရှိပါဘူး"ဟု အဆိုပါယာဉ်တိုက်မှုအနီးရှိ မျက်မြင်တွေ့သူတစ်ဦးက ပြောပြသည်။

ဖြစ်စဉ်မှာ ၉ဃ/----Surf အဖြူ/ခဲရောင်ယာဉ်မောင်းနှင်သူ ချမ်းအေးသာစံမြို့နယ်နေ ရဲမွန်ထွန်း(၃၃)နှစ်သည် ၎င်းရှေ့ရှိ ချမ်းမြသာစည်မြို့နယ်နေ ရန်ရှင်းရန်(၃၇)နှစ် မောင်းနှင်သော ၁က/----လိုက်ထရပ်အဖြူရောင်ယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်မိပြီး လမ်းယာဘက်ဘေးတွင် ရပ်ထားသည့် ဆိုင်ကယ်နှစ်စီးနှင့် သ/----ဆလွန်းအဖြူရောင်ယာဉ်တို့အား ဆက်လက်တိုက်မိခဲ့သည်။ ထို့နောက် Surf ယာဉ်သည် "ဂ"ကွေ့ချိုးကွေ့သွားကာ ချမ်းအေးသာစံမြို့နယ်နေ အောင်ဖေ(၂၆)နှစ်မောင်းနှင်သော ၂ဃ/----ကန်တာယာဉ်အား လည်းကောင်း၊ လမ်းတောင်ဘက်ဘေးတွင် ရပ်နားထားသော ၈ဂ/----လိုက်ထရပ်အဖြူရောင်ယာဉ်အား လည်းကောင်း၊ ၃ဃ/----ဟာရီယာ အနက်ရောင်ယာဉ်အား လည်းကောင်း ထပ်မံတိုက်မိခဲ့သည်။ ထိုသို့ယာဉ်များအား ဆက်တိုက်တိုက်မိသောကြောင့် မော်တော်ယာဉ်ငါးစီးနှင့် ဆိုင်ကယ်နှစ်စီးတို့ ပျက်စီးသွားခြင်းဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး ရဲမွန်ထွန်းအား မန္တလေးအမှတ်(၉)ရဲစခန်းမှ ယာဉ်(ပ)၁၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၇၉/၄၂၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၀၂)**

လင်မယားရန်ဖြစ် ဝိန်းမကယောက်ျားလည်မဝိ ဓားဖြင့်လှီး

ဘားအံ မေ ၂၂

ဧပြီ ၁၈ ရက်နံနက် ၄ နာရီခန့်တွင် ဘားအံမြို့နယ် သာမညရွာတွင် လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ အိန္ဒုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဝဲကရင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သာမညကျေးရွာတောင်ဘက်လမ်းနေ မန်းညွန့်အောင် (၅၃)နှစ်အား လည်မျိုပြတ်ရဒဏ်ရာ၊ ပေါက်ပြဲဒဏ်ရာများဖြင့် တွေ့ရှိရသည်။

ယင်းဖြစ်စဉ်အား စစ်ဆေးဖော်ထုတ်ချက်အရ မန်းညွန့်အောင်သည် ဧပြီ ၁၇ ရက် ညနေ ၃ နာရီခန့်တွင် ဇနီးဖြစ်သူ ဒေါ်မူးတူမှာ ပထမအိမ်ထောင်နှင့်ရသော သားသမီးနှစ်ဦးထံ သွားရောက်သည့်ကိစ္စနှင့်ပတ်သက်၍ ဆဲဆိုကြိမ်းမောင်းကာ နေအိမ်သို့ပြန်ခေါ် လာရာ အိမ်ရှေ့အရောက်တွင် မန်းညွန့်အောင်က ဒေါ်မူးတူ၏ ဦးခေါင်းနောက်စေ့အား ဆိုင်ကယ်ဦးထုပ်နှင့် တစ်ချက်လွဲရိုက်ခဲ့ကြောင်း၊ အိမ်ပေါ်ရောက်သောအခါ မန်းညွန့်အောင်က အရှိုး ၁၈ လက်မခန့်ရှိ ထင်းခုတ်ဓားဖြင့် ခုတ်သဖြင့် ဒေါ်မူးတူ ဝဲနားထင်ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး နားထင်အား လက်ဖြင့် အချက်များစွာရိုက်ခဲ့သဖြင့် ဒေါ်မူးတူမှာ သတိမေ့မြောသွားခဲ့သည်။

ဧပြီ ၁၈ ရက် နံနက် ၂ နာရီခွဲတွင် ဒေါ်မူးတူ သတိရလာပြီး ခင်ပွန်းဖြစ်သူ မန်းညွန့်အောင် အိပ်ပျော်နေသည်ကို တွေ့ရှိ၍ ဒေါသဖြစ်ကာ မိမိအား ခုတ်ခဲ့သောဓားဖြင့် မန်းညွန့်အောင်၏လည်မျိုအား လေးချက်ခန့်ခုတ်ပြီး ဝဲကရင်ကျေးရွာနေ မိမိ၏အစ်မဖြစ်သူထံမှတစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးသူရအောင်ထံ အကြောင်းကြားခဲ့သည်။ ယင်းအမှုနှင့်ပတ်သက်၍ အိန္ဒုနယ်မြေရဲစခန်းက (ပ)၁၈/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၃၃)**

အမြန်လမ်းမပေါ်တွင် ယာဉ်နှစ်စီးတိုက် တစ်ဦးသေဆုံး

နေပြည်တော် မေ ၂၂

ဧပြီ ၁၄ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် အမြန်လမ်းမိုင်တိုင်အမှတ် (၂၁၀/၂)နှင့် (၂၁၀/၃)ကြားတွင် ရှေ့ကားအား ကျော်တက်ရာမှ ယာဉ်နှစ်စီးတိုက်မိပြီး တိမ်းမှောက်ကာ တစ်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ပန်းတင်အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် (၂၁၀/၂-၃)ကြားတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသဖြင့် အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ မန္တလေးဘက်သို့ ငါန်းဇုန်မြို့နယ် အိုင်းယားရွာနေ အောင်မျိုး (၂၁)နှစ် မောင်းနှင်လာသည့် အဖြူရောင်လိုက်ထရပ်ယာဉ်သည် ၎င်း၏ရှေ့မှ ကိုကိုလွင်(၂၂)နှစ် မံရွာမြို့ မွေးရေးကျေးရွာနေသူ မောင်းနှင်လာသော လိုက်ထရပ် အဖြူရောင်ယာဉ်အား ကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲ ယာဉ်နောက်ဘက်အား ဝင်တိုက်မိခဲ့ရာ ယာဉ်နှစ်စီးလုံး တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါလာကြသူ ဒေါ်စန်းစန်းထွေး(၄၅)နှစ်တွင် ဦးခေါင်းယာဘက်ကွဲအက်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ မံရွာမြို့ မွေးရေးကျေးရွာနေ ဒေါ်ပိုးပိုး(၆၀)နှစ်ပါ နှစ်ဦးတွင် ဝဲ ဦးခေါင်းဖူးရောင်ပေါက်ပြဲ၊ ဝဲမျက်ခုံး ပွန်းဒဏ်ရာ၊ ချောင်းဦးမြို့နယ် ရာသာအေးရွာနေ မစိုးစိုးခိုင်(၂၂)နှစ်ပါ ၁၈ ဦးတွင် ဒဏ်ရာများအသီးသီး ရရှိခဲ့သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပန်းတင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် သေဆုံးသူနှင့် ဒဏ်ရာရရှိသူများကို ရဲဆေးစာနှင့်အတူ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံသို့ တင်ပို့ပေးကာ ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်မျိုး(၂၁)နှစ်အား ပန်းတင်အမြန်လမ်းရဲစခန်း ယာဉ်(ပ)၁၁/၂၀၁၃ ပြစ်မှုပုဒ်မ ၃၀၄-က/၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၂၇)**

ထန်းတပင်မြို့နယ်၌ ရေမကူးကစားရာမှ ခိုက်ရန်ဖြစ်ပွား

ရန်ကုန် မေ ၂၂

ဧပြီ ၁၅ ရက် ညနေ ၅ နာရီခွဲတွင် ထန်းတပင်မြို့နယ်နေ မောင်အေးကောင်း (၁၉) နှစ်သည် ဇနီးဖြစ်သူ မနှင်းဝတ်ရည်ထွန်း (၁၇) နှစ်နှင့်အတူ သင်္ကြန်လည်ရန်အတွက် ၂၅ယ/----- အိပ်ဂျဲရိုးဆိုင်ကယ်ဖြင့် နေအိမ်မှ ထွက်လာစဉ် (၃) ရပ်ကွက် နှင်းဆီလမ်းအကျော်တွင် အာကာ (စုံစမ်းဆဲ)က ဇနီးဖြစ်သူအား ရေပက်မှုနှင့်ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားသည်။

ထိုစဉ် အာကာ၊ ခိုင်ဇော်၊ မျိုးကြီး၊ ဖြိုးကြီးတို့လေးဦး (စုံစမ်းဆဲ)တို့က မောင်အေးကောင်းအား လက်သီးနှင့် ဝိုင်းထိုးကြိတ်ခဲ့သဖြင့် နာကျင်ဒဏ်ရာများ ရရှိကာ ထန်းတပင်ဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသရသောကြောင့် အာကာပါ လေးဦးတို့အား အရေးယူပေးရန် မောင်အေးကောင်းက တိုင်တန်းမှုကို ထန်းတပင်ရဲစခန်းက(ပ)၇၁/၁၃ ပုဒ်မ ၃၅၄/၃၂၅ ဖြင့် ဧပြီ ၁၆ ရက်တွင် အမှုဖွင့်ပြီး တရားခံများ ဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိသည်။ **(၃၁)**

မူဆယ်မြို့သို့သွားမည့်ယာဉ်ငယ်ပေါ်မှ ကျောက်စိမ်းများ ပမ်းဆီးရမိ

နောင်ချို မေ ၂၂

နောင်ချိုမြို့ တိုးဂိတ်အနီးတွင် ယာယီစခန်းချ တာဝန်ထမ်းဆောင်လျက်ရှိသည့် စားသုံးသူကာကွယ်ရေးနှင့် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ကာကွယ်တားဆီးထိန်းချုပ်ရေးအဖွဲ့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ အကောက်ခွန်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ဝါဝင်သည့် (Mobile Team) အဖွဲ့တို့သည် ဧပြီ ၁၅ ရက်တွင် ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်များအား စနစ်တကျစစ်ဆေးမှုများ ပြုလုပ်ရာ မန္တလေးမှ မူဆယ်မြို့သို့ ယာဉ်မောင်း စိုင်းထွန်းဝင်းရှိန် အသက် (၂၄)နှစ် မောင်းနှင်လာသော ၅ဂ/. . . . . မတ်တူးအဖြူရောင်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ ကျောက်စိမ်း ၅၆၄၂ ပိဿာ(အလေးချိန် ၉၁၉ ဒသမ ၀၈ ဂရမ်)အား သိမ်းဆည်းရမိကြောင်း သိရသည်။ **(၂၄၂)**

မီးဖိုမီး အခြားမီး ကြွင်းကျန်သတိ အမြဲရှိ

ရှက်လို့သေသွားတဲ့ဗီဇာ
ဒေါင်းနီ

ပျောက်ဆုံး

ရန်ကင်းမြို့နယ်၊ ရန်ကင်းပန်းခြံအိမ်ရာရှိ အခန်းနံပါတ်(၂၀၂)နေ ဦးတင်ဝင်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [၁၂/ရကန (နိုင်) ၀၂၅၆၉၂] သည် ၂၂-၃-၂၀၁၃ရက်တွင် ပျောက်ဆုံးနေပါ၍ ဖုန်း-၂၀၀၁၆၉ (သို့မဟုတ်) ၀၉ ၄၃၁၃၂၆၈၆သို့ ဆက်သွယ်ပါရန်၊ ငွေကြေးဖြင့် အတုံးအလျော်ဆပ်ပါမည်။

အနုပညာ

Juno Awards ဆုပေးပွဲတွင် တေးသံရှင် ကာလီရေးဂျပ်ဆန် ဆုအများဆုံးဆွတ်ခူး

နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသော ကနေဒါဂီတကြယ်ပွင့်များနှင့် တေးဂီတအဖွဲ့များကို ဂုဏ်ပြုဆီးမြှင့်သည့် Juno Awards ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၂၁ ရက်က Regina ပြို့၌ကျင်းပခဲ့ရာ တေးသံရှင် ကာလီရေးဂျပ်ဆန်က သူမ၏ Kiss အယ်လ်ဘမ်ဖြင့် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုနှင့် Call Me Maybe သီချင်းဖြင့် အကောင်းဆုံး ပေ့ါပ်သီချင်းဆု၊ တစ်နှစ်တာအကောင်းဆုံး တစ်ကိုယ်တော်အယ်လ်ဘမ်ဆုတို့ကိုလည်းကောင်း ရရှိခဲ့သည်။ (အောက်ပုံ)

ထို့ပြင် အဆိုပါဆုပေးပွဲတွင် ပရိသတ်အကြိုက်ဆုံးအနုပညာရှင်ဆုကို တေးသံရှင် ဂျက်စတင်ဘီဘာကလည်းကောင်း၊ တစ်နှစ်တာအကောင်းဆုံး တေးဂီတအဖွဲ့ဆုကို Marianas Trench ဂီတအဖွဲ့ကလည်းကောင်း၊ တစ်နှစ်တာ အကောင်းဆုံးတေးရေးဆရာဆုကို တေးရေးဆရာ လီယိုနတ်ချိုဟန်ကလည်းကောင်း၊ အကောင်းဆုံးနိုင်ငံတကာတေးအယ်လ်ဘမ်ဆုကို Mumford & Sons ဂီတအဖွဲ့ကလည်းကောင်း၊ အကောင်းဆုံးကန်းထရီးတေး သီချင်းအယ်လ်ဘမ်ဆုကို ဂွန်နီရီးလ်၏ Fire It Up အယ်လ်ဘမ်ကလည်းကောင်း၊ တစ်နှစ်တာအကောင်းဆုံး အနုပညာရှင်ဆုကို တေးရေးဆရာ လီယိုနတ်ချိုဟန်ကလည်းကောင်း ဆုများအသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ Juno Awards ဆုပေးပွဲ အခမ်းအနားသည် ကနေဒါမှ ဂီတအနုပညာရှင်များ၊ ဂီတအဖွဲ့များ၏ တစ်နှစ်တာအတွင်း တေးဂီတနှင့် ပတ်သက်သည့် စွမ်းဆောင်ချက်များအပေါ် မူတည်ကာ ရွေးချယ်အပ်နှင်းသော ဆုအမျိုးအစားတစ်ခုဖြစ်ပြီး ယခုနှစ် ဆုပေးပွဲ အခမ်းအနားသို့ ကနေဒါမျိုးဆက်သစ် အနုပညာရှင်များ ယခင်နှစ်များကထက် ပိုမိုတက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

ဆုအများဆုံး ဆွတ်ခူးရရှိခဲ့သူ တေးသံရှင် ကာလီရေးဂျပ်ဆန်၊

မြိုးနှာမြင့်

ဘောလိဝုဒ်အနုပညာရှင်များကို ချီးကျူးစကားဆိုသည့် မင်းသမီး ကရီနာကပူး

မကြာသေးမီက ဘဝတူအနုပညာနယ်ပယ်အတွင်း အောင်မြင်မှုရရှိနေသော မင်းသားဆိုက်ဖ်အလီခန်းနှင့် လက်တွဲခဲ့သူ ဘောလိပုဒ်မင်းသမီး ကရီနာကပူးက "ဘောလိဝုဒ်ရုပ်ရှင်နယ်ပယ်က မင်းသမီးတွေဟာ တဖြည်းဖြည်း အနုပညာအရည်အသွေးများမြင့်တက်လာပြီ"ဟု ချီးကျူးစကားဆိုသည်။

"လူငယ်ဒါရိုက်တာတွေနဲ့ မျက်နှာသစ် မင်းသမီးငယ်တွေက သူတို့ဟာ အဖြည့်ခံသက်သက်မဟုတ်ဘဲ အရည်အချင်းရှိတယ်ဆိုတာကို ထုတ်ဖော်ပြသလာကြပြီး နေရာပေးခြင်းခံလာရပါပြီ" ဟု မင်းသမီး ကရီနာက အိန္ဒိယတိုင်းသတင်းဌာနသို့ ထုတ်ဖော်ပြောကြားသည်။

မင်းသမီးကရီနာကပူးဟာ သူမ၏ အသက်မွေးဝမ်းကျောင်းအနုပညာလုပ်ငန်းအပေါ်မှာ သူမအမျိုးသား၏ လွှမ်းမိုးသက်ရောက်မှုမရှိစေဖို့ ခံယူချက်ထားသူ တစ်ယောက်ဖြစ်ပါတယ်။

ကရီနာ၏အမျိုးသား မင်းသား ဆိုက်ဖ်အလီခန်းကို မကြာခင် ဒါရိုက်တာ Prakash Jha ရိုက်ကူးမည့် ထိတ်လန့်ဖွယ်နိုင်ငံရေးဇာတ်ကား Satyagraha ဇာတ်ကားတွင် တွေ့မြင်ရဖွယ်ရှိသည်။

ဖေယျာလင်း

ကိုရီးယားနိုင်ငံ၏လူကြိုက်အများဆုံးအနုပညာရှင်အဖြစ် Girl's Generation အဖွဲ့ ရွေးချယ်ခံရ

ကိုရီးယားနိုင်ငံ၏ လူကြိုက်အများဆုံး အနုပညာရှင်အား စိစစ်ရွေးချယ်ကြရာ လီဆောင်ဂျီ၊ PSY နှင့် Big Bang အဖွဲ့တို့ကဲ့သို့ နာမည်ကြီး ကိုရီးယားအဆိုတော်များကို ကျော်ဖြတ်ပြီး ထိပ်တန်းသို့ ရောက်ရှိအနိုင်ယူသွားသည့်အဖွဲ့မှာ Girl's Generation ဖြစ်သည်။

စိစစ်ရွေးချယ်ခြင်းကို "၂၀၁၃ အစောပိုင်းလူကြိုက်အများဆုံးအနုပညာရှင်ရွေးထုတ်ခြင်း" ခေါင်းစဉ်ဖြင့် အနုပညာလုပ်ငန်းဆိုင်ရာ သုတေသနပြုစိစစ်ရွေးချယ်ရေးကို လီကမ္ဘာမှ ကြီးကြပ်၍ လူကြိုက်အများဆုံး အနုပညာရှင် အမျိုးသား၊ အမျိုးသမီးများကို ရွေးထုတ်ခဲ့ကြသည်။

အမျိုးသမီးအဆိုတော်အဖွဲ့ Girl's Generation က အမျိုးသမီးအနုပညာရှင်များကြားတွင် ၂၃ ဒသမ ၆ ရာခိုင်နှုန်း မဲအရေအတွက်ဖြင့် ပထမနေရာကို ရယူထားပြီး အမျိုးသားအနုပညာရှင်များထဲမှ အဆိုတော် လီဆောင်ဂျီက ၉ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ပထမနေရာတွင်ရှိနေကာ ၎င်းနောက်မှ အဆိုတော် PSY က ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ကပ်လျက်ရှိနေသည်။ ယမန်နှစ်က အမျိုးသားထိပ်တန်း ၁၀ ဦးစာရင်းဝင် BEST၊ Rain၊ Naul နှင့် 2PM တို့သည် ယခုနှစ် ထိပ်တန်းအနုပညာရှင်စာရင်းတွင် ပါဝင်နိုင်ခြင်း မရှိပေ။

အမျိုးသမီးလူကြိုက်အများဆုံး ထိပ်တန်း ၁၀ ဦးမှာ Gril's Generation၊ Baek Ji Young၊ IU၊ Sistar၊ Jang Yoon Jung၊ Lee Hyori၊ BoA၊ Park Jung Hyun၊ Ailee နှင့် Lee Hi တို့ဖြစ်ကြသည်။ Girl's Generation အဖွဲ့မှာ ယမန်နှစ်က သူမတို့၏ပထမနေရာကို ထိန်းထားနိုင်ပြီး ယမန်နှစ်ကထက် မဲရာခိုင်နှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာသည်။ ယမန်နှစ်က ထိပ်တန်း ၁၀ ဦးစာရင်းဝင် အမျိုးသမီး အဆိုတော်အဖွဲ့များဖြစ်သော Kara၊ T-ara နှင့် Wonder Girls တို့မှာမူ တိုးတက်လာခြင်းမရှိပေ။

ယခုနှစ် လူကြိုက်အများဆုံးအနုပညာရှင်ရွေးချယ်ခြင်းကို ကိုရီးယားနိုင်ငံ၏ အထင်ကရမြို့တော်များဖြစ်သော ဆိုးလ်၊ ဘူဆန်နှင့် အခြားမြို့သုံးမြို့တွင် ပြီးခဲ့သည့် မတ်လ ၂၄ ရက်မှ ၃၁ ရက်အထိ မဲဖြင့်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယင်းရွေးချယ်ပွဲ၌ အသက် (၁၃) နှစ် မှ (၆၉) နှစ်အထိ အနုပညာရှင် အမျိုးသား၊ အမျိုးသမီးများ ပါဝင်သည်။

ရွှေဥဒေါင်းမင်း 09421152277, 09421123867 55000

ကျော် MBA, MPA, MDevS, DES, DS, DMA
Ph:01-389370, 09421042312, 09420005121

ဦးအောင်ဟိန်းကျော်
အင်္ဂလိပ်စာ ရေးနည်း
အင်္ဂလိပ်စကားပြော

To Open Mind and Knowledge of Society
NEWSWEEK JOURNAL
နေ့စဉ်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း - 65000
Ph-203519

မြင့်သူထက်
UDE
B.Ed
English 4 Skills

RUBY 519100
09-51-77212, 536100

JADE Travel & Tours
26.4.2013 – 90000/-

ရွှေနဂါး
ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်

01-293159

နန်းဦးအိမ် (တာအယ်ရှင်ကိုရှင်)
056-21871
01-391577

01-501500, 09-73257853

ပျောက်ဆုံးကြောင်း
ကွန်တော် မောင်ရင်ငွေး [၁၂/ပဇတ(နိုင်) ၀၀၀၂၀၇]၏ PP. M. 610188 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ Ph. 095080803

ရန်ကုန်အရောင်းဆိုင် Ph:01-546531, 01-8603141, 09-5008161
နေပြည်တော်အရောင်းဆိုင် Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းဆိုင် Ph:02-73191, 09-5140655, 09-402571300

အားကစား

ချယ်လ်ဆီးတို့လူစုံထုတ်ကစားခဲ့သော်လည်းသရေပွဲနှင့်သာကျေနပ်ခဲ့ရ

ချယ်လ်ဆီးအသင်းသည် ရာသီတုန်ခါနီးရောက်လာပြီဖြစ်သည့်အတွက် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိရေး ရည်သန်လျက် လီဗာပူးအသင်း၏အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော ပရီမီယာလိဂ်ပွဲစဉ်(၃၄) တွင် လူစုံထုတ်ကစားစေခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ချယ်လ်ဆီးအသင်းသည် ယင်းပွဲစဉ်တွင် အပီလီကွတာ၊ ဖိုင်ဗန်နီဗစ်၊ ဒေးဗစ်လူဝစ်၊ ဘာထရန်၊ ရာမီရက်စ်၊ မီကေးလ်၊ မာတာ၊ အော်စကာ၊ ဟားဇက်၊ တောရက်စ် စသည့်တစားသမားများကို ပွဲကွက်တစားစေခဲ့ပြီး လီဗာပူးအသင်းမှာမူ ရွှန်ဆင်၊ ကာရက်ဂါ၊ အက်ဂါ၊ ဟင်နရီကေး၊ ဂျာရတ်၊ လူးကက်စ်၊ ဒေါင်းနင်း၊ ဟန်ဒါဆန်၊ ကော်တင်ဟိုဆွာရက်ဇ် စသည့်ကစားသမားများကို ပွဲထုတ်ခဲ့သည်။

နှစ်သင်းစလုံးသည် ယခုပွဲစဉ်တွင် အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့ရာ ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး စည့်သည်အဖြစ်လာရောက်ကစားခဲ့ရသော ချယ်လ်ဆီးအသင်းက ပွဲကစားချိန် ၂၆ မိနစ်တွင် အော်စကာ၏ ခေါင်းတိုက်သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။

ချယ်လ်ဆီးနည်းပြ ဘင်နီတက်ဇ်နှင့် တိုက်စစ်မှူး တောရက်စ်တို့၏ အသင်းဟောင်းနှင့် တွေ့ဆုံမှုတွင် တိုက်စစ်မှူး တောရက်စ်သည် ယခင်ပွဲစဉ်များကဲ့သို့ ခြေစွမ်းပြသနိုင်ခဲ့ခြင်းမရှိဘဲ အိမ်ရှင်လီဗာပူးအသင်း၏ တန်ပြန်တိုက်စစ်ဆင်မှုများကို ချယ်လ်ဆီးကစားသမားများ အကောင်းဆုံးဟန့်တားရန် တုံ့ဆိုင်းနေခြင်းကြောင့် ဇန်နဝါရီလက ချယ်လ်ဆီးအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ရောက်ရှိလာသည့် တိုက်စစ်မှူးစတားရစ်က လီဗာပူးအတွက် ဒုတိယပိုင်း ပွဲကစားချိန် ၅၂ မိနစ်တွင် ချေပဂိုးသွင်းယူပေးခဲ့သဖြင့် လီဗာပူးနှင့် ချယ်လ်ဆီးတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်နေခဲ့သည်။

သို့ရာတွင် ပွဲကစားချိန် ၅၇ မိနစ်တွင် တိုက်စစ်မှူး အီဒင်ဟားဇက်ကပင်နယ်တီမှတစ်ဆင့် ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးကိုအမှားအယွင်းမရှိကန်သွင်းယူနိုင်ခဲ့သော်လည်း ချယ်လ်ဆီးကစားသမားများမှာ ရရှိထားသောအနိုင်ရလဒ်ကိုဆက်မထိန်းထားနိုင်ခဲ့ဘဲ မိနစ် ၉၀ တွင် လူးဝစ်ဆွာရက်ဇ်၏ ချေပဂိုးကိုခွင့်ပြုပေးလိုက်ရသဖြင့် ပွဲပြီးဆုံးချိန်တွင် လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ ယှဉ်ပြိုင်မှုသည် တစ်ဖက်နှစ်ဂိုးစီဖြင့်သာ ပွဲစဉ်၏ရလဒ်ကို ကျေနပ်ခဲ့ရသည်။

ကာစီးယက်စ်နှင့် ရာမို့စ်အား ရောင်းချမည်ဖြစ်ကြောင်း မော်ရင်ဟိုဖွင့်ဟ

စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိသော ရီးယဲလ်မက်ဒရစ်အသင်းမှ အသင်းဥက္ကဋ္ဌဖြစ်သူ ဖလော်ရီရန်တီနိုပီရက်ဇ်သည် အသင်း၏ အားထားရသော ကစားသမားနှစ်ဦးဖြစ်သည့် ကာစီးယက်စ်နှင့် ဆာဂျီယိုရာမို့စ်တို့နှစ်ဦးအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချတော့မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဟိုဆေးမော်ရင်ဟိုက ပြောကြားခဲ့သည်။

ကာစီးယက်စ်နှင့် ရာမို့စ်တို့နှစ်ဦးကို ရောင်းချခြင်းနှင့်ပတ်သက်၍ ကစားသမားများနှင့် နည်းပြမော်ရင်ဟိုအကြား ဆုံးဖြတ်ချက်ရယူရန် စီစဉ်ထားကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရီရန်တီနိုပီရက်ဇ်က ပြောကြားခဲ့သည်။

မော်ရင်ဟိုနှင့်ပတ်သက်၍ အသင်းနှင့်ကစားသမားများကို ဆန်းစစ်မှုများပြုလုပ်ခဲ့ရာတွင် မော်ရင်ဟိုမှာ ရီးယဲလ်မက်ဒရစ်ပရိသတ်၏ အကြိုက်ဆုံးနှင့် အသင့်တော်ဆုံးနည်းပြအဖြစ် အခိုင်အမာရှိနေခြင်းကြောင့် နည်းပြ စပယ်ရှယ်ဝမ်းမော်ရင်ဟိုအား လာမည့်ဘောလုံးရာသီကုန်အထိ ဆက်ထိန်းသွားရန် ဆန္ဒရှိနေကြောင်း အသင်းဥက္ကဋ္ဌ ဖလော်ရီရန်တီနိုပီရက်ဇ်က ဆိုသည်။

ထိုသို့ မော်ရင်ဟိုအား ဘာနေဗျူး၌ ဆက်ရှိသင့်ကြောင်းဆိုခဲ့ပြီးနောက် အသင်း၏ဝါရင့်ကစားသမားများဖြစ်သည့် ကာစီးယက်စ်နှင့် ဆာဂျီယိုရာမို့စ်အပါအဝင် ကစားသမားငါးဦးကို ရောင်းချရန်ပြင်ဆင်မည်ဖြစ်ကြောင်း ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ဖလော်ရီရန်တီနိုပီရတ်ဇ်က ပြောကြားခဲ့သည်။

ဖယ်ကာအိုအား ချယ်လ်ဆီးနှင့် မန်ယူ ပစ်မှတ်ထား

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း အပါအဝင် ပရီမီယာလိဂ်အင်အားကြီးအသင်း နှစ်သင်းဖြစ်သည့် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့သည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ဖယ်ကာအိုအား ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

အက်သလက်တီကို မက်ဒရစ်အသင်းမှ ကိုလံဘီယာ တိုက်စစ်မှူး ဖယ်ကာအိုသည် လာလီဂါတွင် ဘာစီလိုနာအတွက် မက်ဆီနှင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက် စီရိုနယ်လ်ဒိုတို့ အကောင်းဆုံးစွမ်းဆောင်ပေးနိုင်သကဲ့သို့ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက်လည်း မိမိအကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ဥရောပ၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးများ၏ စိတ်ဝင်စားမှုခံထားရခြင်းဖြစ်ကြောင်းနှင့် ယင်းအသင်းကြီးများ၏ မျက်စိကျမှုကိုလည်း သိရှိထားကြောင်း ဖယ်ကာအိုက ဆိုသည်။

နိုင်လင်းကြည်

ဒေးဗစ်ဒီဂီယာ လက်စွမ်းထက်လာနိုင်ဟု နည်းပြ ဆာအဲလက်စ်ဖာဂူဆန် ယုံကြည်နေ

မန်ယူဂိုးသမားဒေးဗစ်ဒီဂီယာ၏ လက်စွမ်းပြ ဂိုးဖမ်းနိုင်မှုသည် ယခုထက်ပိုမိုစွမ်းဆောင်ရည် ရှိလာလိမ့်မည်ဖြစ်ကြောင်းနှင့် လာမည့်နှစ်ဘောလုံးရာသီတွင်လည်း မန်ယူအသင်းအတွက် အရေးပါသော ဂိုးသမားတစ်ဦးဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားကြောင်း မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားခဲ့သည်။

ဒေးဗစ်ဒီဂီယာသည် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ အိုးထရက်ဖို့ဒ်သို့ ရောက်လာချိန်မှစ၍ မန်ယူအသင်းအတွက် အကောင်းဆုံးလက်စွမ်းပြ ဂိုးများဖမ်းယူပေးနိုင်ခဲ့ကြောင်းလည်း ဖာဂူဆန်က ချီးကျူးစကားပြောကြားခဲ့သည်။

ဒေးဗစ်ဒီဂီယာသည် မန်ယူအသင်း၏ နံပါတ်တစ်ဂိုးသမားတစ်ဦးဖြစ်သည်နှင့်အညီ ရီးယဲလ်မက်ဒရစ်နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့သည်ဟုလည်း ဖာဂူဆန်က ဆိုသည်။

ထို့ကြောင့် မန်ယူအသင်းနည်းပြ ဖာဂူဆန်က အသက်(၂၂)နှစ်အရွယ် ဂိုးသမားဒီဂီယာမှာ လာမည့်နှစ်ဘောလုံးရာသီတွင် ယခုထက်လက်စွမ်းပြနိုင်မည့် ဂိုးသမားတစ်ဦးအဖြစ် မြင်တွေ့မျှော်လင့်ရှိသည်ဟုလည်း ဖွင့်ဟပြောဆိုခဲ့သည်။

ဟာမေလန်အား ရောင်းမည်မဟုတ်ဟု အာစင်ဝင်းဂါးဖွင့်ဟ

အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ရာသီကုန်တွင် အသင်း၏ အားထားရသည့် ဟာမေလန်ကို ရောင်းချလိမ့်မည်မဟုတ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

အာဆင်နယ်နောက်တန်းကစားသမား ဟာမေလန်သည် အသင်းအတွက်အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည်သာမက အင်္ဂလန်ဘောလုံးလောကတွင်လည်း အကောင်းဆုံးနောက်တန်းကစားသမားတစ်ဦးဖြစ်၍ ၎င်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန် နွေရာသီအပြောင်းအရွှေ့ကာလတွင် အမ်းမရိတ်ကို စွန့်ခွာရန် ဆန္ဒရှိနေလျှင်ပင် ဟာမေလန်အားရောင်းချသိမ့်မည် မဟုတ်ကြောင်း အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ဆိုသည်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းပွဲစားခန့်ထားရန်)

A A Electronics Ltd.

၁။ Marketing Executive (Electronics) ၅ ဦး (ကျား/မ)
၂။ Sales Promoter (Electronics, Mobile Phone) ၁၀ ဦး (ကျား/မ)
၃။ Technician (TV,DVD,Mobile Phone) ၅ ဦး (ကျား/မ)
၄။ Technician (Aircon/Refrigerator/ Washing Machine) ၅ ဦး (ကျား)
၅။ Accountant ၃ ဦး (မ)
၆။ Driver
- (၂/၃) တန် ကားမောင်းနိုင်သူ ၃ ဦး (ကျား)
- ၂ ဦး (ကျား)
Samsung Plaza

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးမြင့်ရွှေ-ဒေါ်ဆန်းရင်တို့၏သားလတ်

ဗိုလ်မှူးစိန်ယု

B.A(DSA), M.A(English)

(ဘီးလင်းမြို့)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ Rose Park III နေ ဦးဇော်ဝင်း(ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အတွင်းရေးမှူး၊ ကယားပြည်နယ်အစိုးရအဖွဲ့)-ဒေါ်ခင်ဝင်းမြင့်တို့၏သမီးလတ်

မစန္ဒာဇော်ဝင်း

B.A(English),"Winmyitta" Specialist Clinic

တို့၏ ၂၆-၁-၂၀၁၃ရက်တွင် ဒဂုံမြို့သစ်မြောက်ပိုင်း Rose Park III နေအိမ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီး ဒေါ်စုစုဝင်း၊ ၂၀-၄-၂၀၁၃ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးကျော်သီဟနှင့် ဗိုလ်ကြီးသက်ထွန်း၊ မင်္ဂလာသတို့သမီးအရံ မမြတ်ဇင်အေးနှင့် မမေဆုမွန်ထွန်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မနန့်စန္ဒီ၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မမေရီခင်မောင်မြင့်နှင့် မင်္ဂလာအခမ်း အနားကြီးအား အစမှအဆုံးအထိ အကောင်းဆုံးစီစဉ်ဆောင်ရွက်ပေးသော အခမ်းအနားမှူး ဦးရန်ပိုင်စိုး တို့အားလည်းကောင်း၊ လက်ဝတ်ရတနာများကို စေတနာဖြင့် ကူညီပေးသော ဦးစိုင်းဆမ်-ဒေါ်အေးအေးမင်း (သိဒ္ဓိစိန်ရတနာစိန်ဆိုင်)၊ မင်္ဂလာဝတ်စုံနှင့်မိတ်ကပ်ပြင်ဆင်ပေးသော ညီညီမောင်(စမ်းချောင်း)၊ မင်္ဂလာ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုမင်းချမ်းမွန် (AMS) အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာ အခါတော်ပေးတေးသီဆိုပေးသော တေးသံရှင်ဟေမာနေဝင်း၊ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့် တေးသံရှင် များအားလုံးအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော မစန်းစန်းဦးအားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တက်ရောက်ချီးမြှင့်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာအခမ်းအနားအား မတက်ရောက်နိုင်သော်လည်း မင်္ဂလာထက်ဆောင် များပေးပို့ကြသော စစ်ဘက်နယ်ဘက်ဆိုင်ရာ အကြီးအကဲများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ မင်္ဂလာအခမ်းအနားအစအဆုံး တာဝန်ယူစီစဉ်ပေးသော မအိသဉ္ဇာဝင်း၊ မအေးသန္တာဝင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးစိန်ယု-မစန္ဒာဇော်ဝင်း

ကြော်ငြာ

C B BANK
ပျော်ရွှင်ချမ်းမြေ့သော မင်္ဂလာ မြန်မာနှစ်သစ်
မှာ
ကောင်းမွန်သော ဝန်ဆောင်မှုများ
နှင့်အတူ
နှုတ်ခွန်းဆက်သအပ်ပါသည်။
Let's Win Win Together !
E-mail : contact@cbbankmm.com
Web Site : www.cbbankmm.com
Facebook : www.facebook.com/CBBankmyanmar
24/7 Hotline number : 1874

အထက်မြန်မာပြည်သတင်း

ပဲခူးမြို့က လွတ်လပ်ရေးကျောက်တိုင်

ပဲခူး ဧပြီ ၂၂

မတ် ၁၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀) ပြည်တွင်းရေးရာစာမျက်နှာတွင် "ဆန်းပြားသော အသွင်ဒီဇိုင်းများဖြင့် လွတ်လပ်ရေးကျောက်တိုင်နှင့် ပန်းခြံကို ခံ့ညားစွာ မြင်တွေ့ရတော့မည်" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့လယ်တွင်ရှိသော မဟာဗန္ဓုလပန်းခြံအဆင့်မြှင့်တင်ပြုပြင်မှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အင်တိုက်အားတိုက်လုပ်ဆောင်နေလျက်ရှိရာ ယခုမတ်လကုန်ပိုင်းတွင် လုပ်ငန်းအများစုပြီးစီး၍ ခံ့ညားထည်ဝါသောအသွင်သစ်မျိုးဖြင့် မြင်တွေ့ရတော့မည်ဖြစ်ကြောင်း ဖတ်ရှုလိုက်ရပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက်ကျွန်ဘဝ ရောက်ခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတစ်ဝန်းမြို့ပြဒေသအသီးသီးတွင် လွတ်လပ်ရေးကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ကွင်းများ၊ ကျောက်တိုင်များ စိုက်ထူလာခဲ့ကြသည်။

ထိုသို့ လွတ်လပ်ရေးကျောက်တိုင်များစိုက်ထူရာတွင် တစ်နိုင်ငံလုံးတစ်ပြေးညီ ပုံစံတူမဟုတ်ကြောင်း တွေ့မြင်ရသည်။ အရွယ်အစားအကြီးအသေးသာ ကွာခြားသည်။ အများအားဖြင့် ရှမ်းပြည်နယ် ပင်လုံမြို့မှ ကျောက်တိုင်၊ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းမှ ကျောက်တိုင်တို့၏ ပုံစံကို နမူနာယူ၍တည်ဆောက်ကြသည်။ သို့ရာတွင် စာရေးသူတို့၏ ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းတွင် တည်ဆောက်ထားသည့် လွတ်လပ်ရေးကျောက်တိုင်မှာ အခြားသောဒေသများရှိ လွတ်လပ်ရေးကျောက်တိုင်များနှင့်မတူကွဲပြားကြောင်း တွေ့မြင်ရသည်။ **(ယာပုံ)**

စာရေးသူတို့ငယ်စဉ်က ကျန်းမာရေးအတွက် အားကိုးသုံးစွဲရသော တရုတ်တိုင်းရင်းဆေးတစ်မျိုးရှိသည်။ ဆေးအမည်မှာ ပိုကြံုကြော့ဖြစ်သည်။ ပုလင်းပုံစံမှာ ပဲခူးမြို့ရှိ လွတ်လပ်ရေးကျောက်တိုင်နှင့်ရာနှုန်းပြည့်နီးပါးတူညီနေကြောင်း တွေ့မြင်ရသည်။ ထို့ကြောင့် ပဲခူးမြို့၏ လွတ်လပ်ရေးကျောက်တိုင်ကို ရှေ့မီနောက်မီလူကြီးများက ပိုကြံုကြော့ကျောက်တိုင်ဟု ခေါ်လေ့ရှိကြသည်။ ယနေ့အသက် (၆၀)အောက်များကတော့ ပိုကြံုကြော့ပုလင်းကို တွေ့ဖူးကြမည်မထင်ပါ။

လွတ်လပ်ရေးနေ့နီးလျှင် ယခင်အစိုးရအဆက်ဆက်သည် ပိုကြံုကြော့ပုလင်းနှင့်တူသော လွတ်လပ်ရေးကျောက်တိုင်ကို ထုံးသုတ်၍ ချိန်နှယ်ပိတ်ပေါင်းရှင်းလင်းပြီး အလံတင်အခမ်းအနားကျင်းပခဲ့ကြသည်။ လွတ်လပ်ရေးကျောက်တိုင်ကွင်းဧရိယာတွင် ယခင်ကမြို့တွင်းအနောက်(က)ရပ်ကွက် ကောင်စီရုံးတစ်ရုံးရခဲ့ဖူးသည်။ နောက်ပိုင်းတွင် ရပ်ကွက်ရုံးနေရာ၌ ပါတီရုံးရှိလာသည်။ ထို့နောက်တစ်ဖန် လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း၌ တင်းနစ်ကွင်းတစ်ကွင်း ထပ်မံပေါ်ပေါက်လာသည်။ ထို့နောက်တစ်ဖန် လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း၌ပင် နောက်ထပ်တင်းနစ်ကွင်း တစ်ကွင်းအသစ်ထပ်မံတည်ဆောက်ခဲ့ပြန်သည်။ တင်းနစ်ကွင်း နှစ်ကွင်းဖြစ်သွားသည်။ လွတ်လပ်ရေး ကျောက်တိုင်ကွင်း ပိုမို၍ကျဉ်းမြောင်းသွားခဲ့သည်။ လွတ်လပ်ရေးကျောက်တိုင်လည်း အနေကျုံ့သွားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့လက်ထက်တွင် လွတ်လပ်ရေးနေ့အခမ်းအနားကို ဂုဏ်သိက္ခာရှိရှိ ခမ်းခမ်းနားနားကျင်းပရာနေရာတွင် တင်းနစ်ကွင်းများက နေရာယူလိုက်ရာ လွတ်လပ်ရေးကွင်းအတွင်း လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရန် မဖြစ်နိုင်တော့၍ ရွှေမော်ဓောဘုရားယာဉ်ရပ်နားစခန်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ ပဲခူးမြို့မိဘပြည်သူများအနေဖြင့် လွတ်လပ်ရေးကွင်းကို ခံ့ညားထည်ဝါစေလိုကြသည်။ လွတ်လပ်ရေး ကျောက်တိုင်ကွင်းအတွင်း အရှေ့ဘက်ခြမ်းမှ စားသောက်ဆိုင်ဟောင်းနေရာတွင် အသစ်တစ်ဖန်ပြန်လည်ဆောက်လုပ်နေသည်ကိုလည်း တွေ့မြင်ရသည်။ လွတ်လပ်ရေးကျောက်တိုင်ကို ပိုကြံုကြော့ပုလင်းပုံစံအစားအခြားသော မြို့ရွာဒေသများရှိ ပုံစံများအတိုင်း ကျယ်ပြန့်သောကွင်းအတွင်း ခံ့ညားထည်ဝါစွာ တည်ဆောက်စေချင်ကြကြောင်း ပဲခူးမြို့လူထုက ရင်ဖွင့်ပြောဆိုကြသည်။

(စိန်လှိုင်ဗိုလ်)

ရှမ်းပြည်နယ်အတွင်း CDMA 800MHz ဖုန်းများခဲ့နှစ်ဖြင့် ရောင်းချမည်

တောင်ကြီး ဧပြီ ၂၂

ရှမ်းပြည်နယ်အတွင်း CDMA-800MHz Network ဖမ်းယူရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ တောင်ကြီး၊ ကလော၊ အောင်ပန်း၊ ဗထူး၊ ခိုလမ်၊ ဆီဆိုင်၊ ဟိုပုံး၊ မိုင်းပန်၊ လင်းခေး ကိုးမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး၊ မူဆယ်၊ ကျောက်မဲ၊ လောက်ကိုင်၊ နောင်ချို ငါးမြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းတုံ၊ ကျိုင်းတုံ လေးမြို့နယ် စုစုပေါင်း ၁၈ မြို့နယ်အတွက် ရောင်းချပေးနိုင်ရေးအတွက် ဧပြီ ၂၀၊ ၂၁၊ ၂၂ ရက်များတွင် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးများ၌ အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများဖြင့် လျှောက်ထားနိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာထားသည်။ လျှောက်ထားသူများပါက မဲစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် တောင်ကြီးမြို့ပေါ်၌ ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမ၌ မဲနှိုက်ရောင်းချပေးမည်ဖြစ်သည်။ မဲနှိုက်၍ပေါက်သူများသည် ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့်အတူ ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်များရှိ မြန်မာ့ဆက်သွယ်ရေးရုံးများတွင် ငွေသွင်းကာ SIMကတ်ထုတ်ယူနိုင်ပြီး ရှမ်းပြည်နယ်အတွက် ဧပြီလအတွင်း အလုံးရေ ၁၅၀၀၀ ရောင်းချပေးမည် ဖြစ်ကြောင်းနှင့် CDMA 800 MHz သီးသန့် ငွေဖြည့်ကတ်ဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်သည်။ **နိုင်ထွန်း(TGI)**

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်အမှတ် - ကက - ၁၀/၀၄/၀၁၄

NOBLE NOBLE NOBLE
Since 1998
PRIVATE SCHOOL
မန္တလေးမြို့
နိုဘယ်(လ်) ကိုယ်ပိုင်အထက်တန်းကျောင်း

၆၅လမ်း၊ မနော်ဟရီနှင့် သံလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၉၁၀၁၇၇၅၉၆၊ ၆၅၀၀၂၁၄၊ ၂၀၄၀၂၂၀၊ ၂၀၂၂၄၂၂

တွေ့ဆုံမေးမြန်းခန်း

နွေရာသီအားကစားမှ နိုင်ငံလက်ရွေးစင်သို့

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရုံသာမက လူငယ်တွေရဲ့စိတ်ဓာတ်ပိုင်းဆိုင်ရာတွေကိုပါ လေ့ကျင့်ပျိုးထောင်ပေးပြီး အားကစားထူးချွန်သူများ ဖြစ်လာစေရန်အတွက် လေ့ကျင့်သင်ကြားပေးနေသည့် ပုသိမ်ကြီးမြို့နယ်မှ တိုက်ကွမ်ဒိုအားကစားနည်းပြ ဦးကျော်သူလွင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ အဆိုပါ သင်တန်းကိုတော့ ၂၀၁၂ခုနှစ် မတ်လ(နွေရာသီကျောင်းပိတ်ရက်)က စတင်ခဲ့တာဖြစ်ပြီး ကျောင်းသားလူငယ် ၆၀ ခန့်နဲ့ ပုသိမ်ကြီးမြို့နယ် အားကစားကွင်းအတွင်း လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ပါတယ်။

သင်တန်းနဲ့ပတ်သက်ပြီး သိလိုသမျှကို သင်တန်းသား သင်တန်းသူများနဲ့ တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

မေး ။ ညီလေးသင်တန်းတက်တာ ဘယ်လောက်ရှိပြီလဲ။ဒီသင်တန်းကနေ ဘာတွေလေ့ကျင့်ပေးလဲ။ ပြီးတော့ ညီလေးရဲ့ ရည်မှန်းချက်ကိုလည်းသိပါရစေ။

ဖြေ ။ ကျွန်တော့်နာမည်က အောင်ကောင်းထက်ဖြစ်ပါတယ်။ ပဥ္စမတန်းစာမေးပွဲဖြေထားတာပါ။ ကျွန်တော် ဒီသင်တန်းကို စဖွင့်ကတည်းက တက်ရောက်သင်ကြားခဲ့တာပါ။ ဒီသင်တန်းကို တက်ရတာပျော်ပါတယ်။ ဒီသင်တန်းကို နွေရာသီကျောင်းပိတ်ရက်မှာ အမေတို့ အဖေတို့က သားကနည်းနည်းဝတော့ ပိန်အောင်ဆိုပြီး သင်တန်းတက်ခိုင်းပါတယ်။ သင်တန်းက သင်ကြားတဲ့ဆရာကလည်း စိတ်ရှည်တယ်။ သင်တန်းက သင်တာတွေအားလုံးနီးပါးလောက်ရပါတယ်။အိမ်ရောက်ရင်ပြန်ပြီးလေ့ကျင့်တယ်။ ဆရာကလည်း ကလေးတွေကိုချစ်တတ်တော့ သင်တန်းကိုတက်ရတာပျော်ပါတယ်။ ကျွန်တော်ကတော့ တိုက်ကွမ်ဒိုကစားနည်းကို လက်ရွေးစင်အဆင့်ထိရောက်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။

မေး ။ ညီမလေး နာမည်လေးသိပါရစေ။ ပြီးတော့ ညီမလေး သင်တန်းတက်တာ ဘယ်လောက်ကြာပြီလဲ။ ညီမလေးရဲ့ ဒီအားကစားနည်းအပေါ်မှာ ရည်မှန်းချက်ထားတာလေးတွေသိပါရစေ။

ဖြေ ။ သမီးကတော့ ဒီသင်တန်းကို သင်တန်းစဖွင့်ကတည်းက တက်လာတာကြောင့် တော်တော်လေးကို ရနေပါပြီ။ သမီးနာမည်က ဝတ်ရည်မွေးပါ။သမီးက ဆယ်တန်းကို တက်ရောက်ရမှာပါ။ သမီးက ဒီအားကစားနည်းကို ဝါသနာပါလို့ တက်ရောက်တာပါ။ သမီးကတော့ နိုင်ငံ့ဂုဏ်ဆောင်အဖြစ် လေ့ကျင့်သွားဖို့ ရည်မှန်းထားပါတယ်။ဒီကစားနည်းကတော့ ကျန်းမာရေးအတွက်ကောင်းတာကြောင့် လိုက်စားသင့်တဲ့ ကစားနည်းတစ်ခုအဖြစ် မြင်ပါတယ်။

မေး ။ ဆရာ့နာမည်လေးနဲ့ သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်လေးကို သိပါရစေခင်ဗျာ။

ဖြေ ။ ကျွန်တော်ကတော့ ဒီသင်တန်းကို ဦးစီးဖွင့်လှစ်တဲ့ သင်တန်းနည်းပြ ဦးကျော်သူလွင်ပါ။ လူငယ်တွေ အားကစားကို စိတ်ဝင်စားပြီး တိုက်ကွမ်ဒိုပညာရပ် ကျယ်ပြန့်ကာ လက်ရွေးစင်အားကစားသမားတွေ မွေးထုတ်ပေးနိုင်ဖို့အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ လူငယ်တွေရဲ့ စိတ်ဓာတ်နဲ့ ခွန်အားကို မြှင့်တင်ပေးချင်တာပါ။ အချို့ကလေးတွေဆိုရင် လူတောမတိုးဘူး။ လူကြောက်တတ်တယ်။ အဲဒီကလေးတွေကို Training ပေးလိုက်တဲ့အခါ လူတွေရှေ့မှာ ရပ်တည်ရဲလာပါတယ်။ နောက်တစ်ခုက ကလေးတွေကို

သင်တန်းနည်းပြ ဦးကျော်သူလွင်။

စီမံခန့်ခွဲမှု အရည်အသွေးကိုလည်းတစ်ခါတည်း လေ့ကျင့် ပေးလိုက်ပါတယ်။ သင်တာကတော့ တိုက်ကွမ်ဒိုပေ့ါ။ ဒါပေမယ့် ကလေးတွေကို စီမံခန့်ခွဲမှုအဆင့်အတန်းမြင့်မားဖို့အတွက် တစ်ဦးချင်းရှေ့ထွက်ပြီးCommant ပေးစေပါတယ်။ ဒါတွေဟာ ကလေးတွေအနေနဲ့ ဘယ်လိုအခြေအနေမှာ ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတာကို လုပ်ဆောင်ပေးတာလည်း ဖြစ်ပါတယ်။

မေး ။ ဟုတ်ကဲ့ဆရာ။ သင်တန်းကြေးပေးဆောင်ရမှုနဲ့ သင်တန်းက ဘာတွေလေ့ကျင့်ပေးသလဲဆိုတာကို သိပါရစေ။

ဖြေ ။ သင်တန်းစဖွင့်တုန်းကတော့ သင်တန်းကြေးပေးစရာမလိုပါဘူး။ သင်တန်းတက်ရောက်မယ့် ကလေးတွေကတော့ ဝတ်စုံချုပ်ပြီး ဝတ်ရမယ်။ ဝတ်စုံကြေးလောက်ပဲ ကုန်ပါတယ်။ ဒီနှစ်မှာတော့ သင်တန်းကြေးကို သတ်မှတ်ထားပါတယ်။ သတ်မှတ်ထားတယ်ဆိုတဲ့နေရာမှာလည်း မနှစ်ကဆိုရင် ကလေးတွေက အလကားရတဲ့ပညာကို အလကားပဲမှတ်တာတွေရှိတာကြောင့် အခုလို သင်တန်းကြေးကို သတ်မှတ်လိုက်တာဖြစ်ပါတယ်။ သတ်မှတ်တဲ့ သင်တန်းကြေးကလည်း နှစ်ထောင်၊သုံးထောင်လောက်ဆိုတော့ လူတိုင်းပေးဆောင်နိုင်အောင် သတ်မှတ်ပေးတာဖြစ်ပါတယ်။ ဒီလိုသတ်မှတ်တာကြောင့် အရည်အချင်းရှိတဲ့ သင်တန်းသားတွေကို မြေတောင်မြှောက်ပေးဖို့အတွက် အသုံးပြုသွားမှာပဲဖြစ်ပါတယ်။

သင်တန်းသင်ကြားမှုနဲ့ ပတ်သက်ပြီးတော့ ပြောချင်ပါတယ်။ မိဘတွေက ကလေးတွေကို ထိခိုက်မှာကြောက်ကြတယ်။ တကယ်တမ်းကြတော့ ကျန်းမာရေးအတွက် ကစားတာရှိတယ်။ ပြိုင်ပွဲဝင်ဖို့ကစားတာရှိတယ်။ တက်ရောက်တဲ့ကလေးတွေက ကျန်းမာရေးအတွက် ကကွက်ကိုပဲ ကစားမလား။ ပြိုင်ပွဲဝင်ဖို့အတွက် ကစားမှာလားဆိုတာကိုတော့ သိဖို့လိုပါတယ်။ ကျန်းမာရေးအတွက် ကစားတဲ့သူတွေဆိုရင်လည်း ကြိုဆိုပါတယ်။ ကျန်းမာရေးအတွက်ကတော့ ကလေးတွေကစားသင့်ပါတယ်။ ခန္ဓာကိုယ်ကို မထိခိုက်ဘူး။ ကျွန်တော်တို့တုန်းကတော့ ဒီလိုကကွက်မျိုးမရှိပါဘူး။ အခုကတော့ ကကွက်ကို ထွင်ပြီးတော့လည်း ကလို့ရတယ်။ အသစ်အဆန်းပေ့ါ။ နောက်တစ်ခုက သူတို့သတ်မှတ်ထားတဲ့ ကကွက်ကို ကရတာရှိတယ်။ အဆန်းထွင်တာပဲဖြစ်ဖြစ် အဲဒီကကွက်နဲ့ ပြိုင်ပွဲဝင်မယ်ဆိုရင်တော့ တိုက်ကွမ်ဒိုကစားနည်း ၇၀ ရာခိုင်နှုန်း ပါရပါမယ်။ ကလေးတွေအတွက်ကလည်း ပြိုင်ပွဲအမျိုးမျိုးပြိုင်လို့ရပါတယ်။ ပြိုင်ပွဲဝင်ဖို့အတွက် ဝိတ်တန်းမျိုးစုံရှိပါတယ်။ သူ့ဝိတ်တန်းနဲ့သူ ပြိုင်ရတာပါ။ ဝိတ်တန်းတစ်ခုကို လူတစ်ယောက်ပြိုင်ရတာပါ။ ကကွက်မှာကလည်း တစ်ဦးချင်း၊ မိန်းကလေး၊ ယောကျ်ားလေး၊ ကျား၊ မစုံတွဲဆိုပြီး ပြိုင်ပွဲအမျိုးမျိုးရှိပါတယ်။ အဲဒါတွေကိုတော့ လေ့ကျင့်သင်ကြားပေးပါတယ်။

ကျောင်းဖွင့်တဲ့ ရာသီမှာလည်း အမြဲဖွင့်ပေးနေပါတယ်။ စာမေးပွဲနီးရင်တော့ စနေနဲ့ တနင်္ဂနွေနေ့တွေမှာပဲ ဖွင့်ပေးတယ်။ ကျောင်းဖွင့်တဲ့အချိန်မှာတော့ နံနက် ၆ နာရီကနေ ၇ နာရီခွဲအထိ ဖွင့်ပါတယ်။ နွေရာသီကျောင်းပိတ်ရက်မှာတော့ နံနက်ပိုင်းနဲ့ ညနေပိုင်းတွေမှာ သင်ကြားပေးပါတယ်။

မေး။ တိုက်ကွမ်ဒိုပညာရပ်အပေါ် အမြင်ကလေးလည်း ပြောပေးပါဦးဆရာ။

ဖြေ။ ဒီပညာရပ်က အသက်ငယ်ငယ်ကနေ အသက်ကြီးတဲ့အထိ ကစားလို့ရတယ်။ ပြီးတော့ မသန်စွမ်းသူတွေလည်း ကစားနိုင်တယ်။ လူအစုံကစားလို့ရတယ်။ တိုက်ကွမ်ဒိုသမားတစ်ယောက်မှာ ခံယူချက်ရှိတယ်။ အဲဒီခံယူချက်က ဘယ်တော့မှတော်ပြီ၊ ကြောက်ပါပြီလို့မပြောဘူး။ သေရင်သာသေသွားမယ်။ နောက်မှပြန်တွေ့မယ်၊ အခုလောလောဆယ် ငါ့မှာ အားနည်းချက်လေးရှိနေသေးလို့ ဒီလိုပြောရင်ပြောမယ်။ အရှုံးမပေးဘူးဆိုတဲ့ ခံယူချက်ရှိတယ်။

အဲဒီခံယူချက်ကို လာရောက်ကစားတဲ့ကျောင်းသားသူငယ်လေးတွေအနေနဲ့ စာမေးပွဲကို ဘယ်တော့မှအရှုံးမပေးဘူး။ ရအောင်ဖြေမယ်။ ရအောင်ကျက်မယ်။ ဒီလိုခံယူချက်တွေကိုထားပြီးတော့ သင်ကြားပေးပါတယ်။ သူတို့လေးတွေကို ရန်ဖြစ်တတ်ဖို့ သင်ပေးတာမဟုတ်ပါဘူး။ သူတို့လေးတွေရဲ့ဘဝကို မြေတောင်မြှောက်ပေးတာပါ။ လူမျိုးမြင့်မှ နိုင်ငံမြင့်မှာမဟုတ်လား။ ဒါမှ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှာလေ။

မေး။ မိဘတစ်ဦးရဲ့ သင်တန်းအပေါ် အမြင်လေးကို ပြောပြပေးပါဦး။

ဖြေ။ ကလေးတွေအနေနဲ့ နွေရာသီအားလပ်ရက်မှာ ဂိမ်းဆိုင်မှာ အချိန်ကုန်နေမယ့်အစား ဒီလိုသင်တန်းတွေကို တက်သင့်ပါတယ်လို့ ပြောချင်ပါတယ်။ တကယ်ကောင်းတဲ့ သင်တန်းလေးပါ။ ဒီမှာကတိုက်ဖို့ ခိုက်ဖို့ ရန်ဖြစ်ဖို့ သင်တာမှ မဟုတ်တာ။ တတ်သင့်လို့ သင်တာဖြစ်တယ်။ တကယ်အကျိုးရှိတဲ့သင်တန်းလို့ မြင်ပါတယ်ဟု မိဘတစ်ဦးက ပြောကြားသည်။

အမေး၊ အရေးနှင့်ဓာတ်ပုံ-ဝေဖြိုးအောင် (ဆင်တဲ)

KING STAR ဖုန်း - ၃၉၁၀၀၃ ၀၉၇၃၁၀၄၉၇၀၀
ကွန်ပျူတာအတတ်သင် 20000Ks
Internet (6000Ks)
i-Office 2010
D.T.P
Graphic Design
A+ Hardware
Video Editing
AutoCAD 2D,3D

ဦးညက်လွင် ဧတန်းနှင့်ဆယ်တန်း
B.Sc (Phy), M.Sc (Thesis)
ရူပဗေဒဘာသာရပ်သင်တန်းများ
(၁၈၆)၊ဆိပ်ကမ်းသာလမ်း(အလယ်)၊ ☎ 253205 📱 09-510-8309

ဒေါ်မြင့်မြင့်ကြည်[၁၂/ဒဂန(နိုင်)၀၁၇၇၄၆]
အောက်ပါဖုန်းနံပါတ်သို့ အမြန်ဆက်သွယ်ပေးပါရန်။
ဆရာမဒေါ်စိုး
ဖုန်း-၃၇၀၇၈၄၊ ၀၉-၅၂၁၄၄၉၆၊ ၀၉-၄၃၁၆၄၂၇၂

မြန်မာ့နှစ်သစ်ကူးနှုတ်ခွန်းဆက်သဝဏ်လွှာ

ကျွန်တော်တို့ မြန်မာကိုင်ဒိုကုမ္ပဏီမှ ဖြန့်ဖြူးရောင်းချလျက်ရှိသော စက်ယန္တရားနှင့် စက်ယန္တရားအပိုပစ္စည်းများကို အစဉ်တစိုက် ဝယ်ယူအားပေးကြသူ စီးပွားဖက်လုပ်ငန်းရှင်ကြီးများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဝဏ္ဏမနှုတ်ခွန်းဆက် ပြောကြားအပ်ပါသည်။

နောင်အနာဂတ်ကာလများမှာလည်း မြန်မာကိုင်ဒိုကုမ္ပဏီသည် စီးပွားဖက်လုပ်ငန်းရှင်ကြီးများ၏ ယုံကြည်အားထားရာ မိတ်ဆွေကောင်းအဖြစ် အမြဲထာဝစဉ် ရပ်တည်ပေးသွားမည် ဖြစ်ပါတယ်။

ယခုကဲ့သို့ ပျော်ရွှင်ဖွယ် နှစ်သစ်ကူးအခါသမယမှာ ကျွန်တော်တို့ရဲ့ စီးပွားဖက်လုပ်ငန်းရှင်ကြီးများ၏ အကျိုးစီးပွားလာဘ်လာဘများ ဆတက်ထမ်းပိုး တိုးတက်ပါစေကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မြန်မာ့နှစ်သစ်ကူး အခါသမယမှာ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

MYANMAR KAIDO CO., LTD.
YOUR MOST RELIABLE PARTNER

ပြည်တွင်းရေးရာ

ဖုန်းကတ်ပျောက်ဆုံးသူများအတွက် ပြုပြင်စရာ

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း သာမက မြန်မာနိုင်ငံအရပ်ရပ်ရှိ ဖုန်းကတ်**(အောက်ယာပုံ)**ပျောက်ဆုံးသူများအတွက် ပြုပြင်စရာများကို ရေးသားတင်ပြအပ်ပါသည်။

အဆိုပါ ဖုန်းကတ်ပျောက်ဆုံးသူများအတွက် ပြုပြင်စရာမှာ အင်ဂျင်နီယာချုပ်ရုံးတွင် အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း မြန်မာဆက်သွယ်ရေးလုပ်ငန်း ရန်ကုန်မြို့မှ စတင်ပြီး ပြုပြင်စရာမှာ ဖုန်းကတ်ပျောက်ဆုံးသူ ပြည်သူလူထုများအတွက် အကြံပေးအပ်ပါသည်။

တစ်ဆယ့်ငါးသိန်းတန်၊ ငါးသိန်းတန်၊ နှစ်သိန်းခွဲတန်နှင့် နှစ်သိန်းတန်ဖုန်းကတ်များ ပျောက်ဆုံးသူများအတွက် ပြုပြင်စရာများမှာ ရဲစခန်းထောက်ခံစာတောင်းခြင်း၊ ခံဝန်ကတိပြုခြင်း၊ မှတ်ပုံတင်မှုရင်းပြရခြင်း၊ လိုင်းပိတ်သိမ်းမည်ဟု သိရှိကြောင်း ဝန်ခံကတိပြုခြင်းတို့ကို ပြုပြင်စေချင်ပါသည်။ တန်ဖိုးနည်းနှစ်သိန်းတန်ဖုန်းကိုင်ဆောင်ထားသူ အမည်ပေါက်တစ်ဦးက "အေးဗျာ၊ မနေ့ညက ကျွန်တော့်ဖုန်း အခိုးခံလိုက်ရတယ်။ ခိုးတဲ့သူကို အမှုမဖွင့်ပါဘူး။ ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှုပပျောက်အောင်လို့ပေါ့။ ပြည်သူရဲစခန်းလည်း အလုပ်မရှုပ်အောင် ရွှေဂုံတိုင် မြန်မာဆက်သွယ်ရေးလုပ်ငန်းကို သွားလုပ်ရတယ်။ အချိန်လည်းကုန်၊ ငွေလည်း လေးငါးသောင်းကုန်တာပဲဗျာ"ဟု ဖုန်းနှင့် ကတ်ပျောက်ဆုံးသူ ကိုထက်ပြည့်အောင်က ပြောသည်။

အမည်မပေါက် တန်ဖိုးနည်းနှစ်သိန်းတန်ကိုင်ဆောင်သူ ကိုအောင်က "ကျွန်တော်ဖုန်း ဝယ်ထားတာ သုံးလမပြည့်သေးဘူး။ ပျောက်သွားတာ နှစ်သိန်းတန် တန်ဖိုးနည်းလိုသာ ပြောတာ ဟန်းဆက်၊ အင်တာနက်

နဲ့ တခြားပစ္စည်း အပါအဝင် သုံးသိန်းကျော် လေးသိန်းဖိုးလောက်ရှိပြီ၊ ငွေဖြည့်ကတ်ဝယ်သုံးတာတင် ငါးသောင်းကျော်လိမ့်မယ်၊ ကံကောင်းချင်တော့ တန်ဖိုးနည်းဖုန်း ဝယ်ကိုင်နိုင်ပါရဲ့၊ ကံဆိုးချင်တော့လည်း သုံးလမပြည့်သေးဘူး ပျောက်သွားတယ်။ ရွှေဂုံတိုင်သွားတော့ ပထမဦးဆုံး မှတ်ပုံတင်မှုရင်းတောင်း၊ ဆိုင်တွေက ဝယ်ရင်တော့ အမည်ပေါက် ပိုင်ရှင်လာမှ ပြန်လုပ်လို့ရမယ်တဲ့လေ။ ဒါတောင် မပျောက်လိုက်တာတော်သေးရဲ့"ဟု ပြောသည်။

"ပြီးတော့ မှုရင်းဝယ်တဲ့ဆိုင်သွားတော့လည်း လေးငါးသောင်းတောင်းတယ်ဗျာ၊ နောက်နှစ်ပတ်ကြာမယ် လို့လည်း ပြောတယ်။ ကျွန်တော့်မှာက မြန်မာနိုင်ငံ တစ်ထောင့်တစ်နေရာက နိုင်ငံတည်ဆောက်ခြင်းမှာ အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ အလုပ်တွေလုပ်နေရတာလေ။ဒါမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ လူမျိုးတိုင်း၊ ဘာသာတိုင်း စည်းလုံးညီညွတ်ငြိမ်းချမ်းဖို့ အတွက် ဖုန်းကမရှိမဖြစ်လေ။ အခုလို လုပ်နေမယ်ဆိုရင်တော့ မြန်မာဆက်သွယ်ရေးလုပ်ငန်းအတွက် ဖွံ့ဖြိုးတိုးတက်ဖို့ နှောင့်နှေးသလို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ နှောင့်နှေးနေမှာပဲ။ ကျွန်တော့်မှာ မရှိမဲ့ရှိမဲ့ တန်ဖိုးနည်းနှစ်သိန်းတန်ဖုန်းကလေးဝယ်တာ ဝရုတစိုက်ပါဗျာ။ မေ ၈ ရက်က မြန်မာဆက်သွယ်ရေးရုံးနဲ့ ဝယ်တဲ့ဆိုင်ရောက်ပါတယ်။ ဘယ်လိုမှ အဆင်မပြေဘူး။ အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းနဲ့ စိတ်ဓာတ်ကို အရမ်းကျသွားတာပဲ။ လမ်းဘေးဖုန်းဆိုင်တွေကလည်း တစ်ခါဆက် နှစ်ရာမှငါးရာ၊ တစ်ထောင်ထိ အရမ်းတောင်းတာပဲ။ ဒီနှစ် မေ ၂၄ ရက်မှာထုတ်ပေးမယ့် တန်ဖိုးနည်း ၁၅၀၀ တန်ဖုန်းကလည်း ဟန်းဆက်နဲ့ပါဆို ငွေကျပ်တစ်သောင်း လောက်ဖြစ်မှာ၊ ဒါတောင် တရုတ်ပြည်ထုတ်အညံ့ဆုံး ဟန်းဆက်လေ။ ဆင်းရဲတဲ့ မိသားစုဘဝအတွက် မဝယ်နိုင်သေးဘူး။ ကာတွန်းဆရာတစ်ယောက် ကာတွန်းတစ်ကွက် ရေးဆွဲထားတာရှိပါတယ်။ တန်ဖိုး နည်းဖုန်းတော့ မထွက်သေးဘူး၊ ဖုန်းသတင်းတော့ အမျိုးမျိုးထွက်နေတာပဲတဲ့လေ။ တန်ဖိုးနည်း ၁၅၀၀တန်ဆိုတာလည်း မြန်မာပြည်မှာ လူတိုင်းစေ့ရမှာမဟုတ်သေးပါဘူး။ ထိုင်းနိုင်ငံမှာဆို အလကားပေးတယ်လို့ ကြားရတယ်ဗျာ။ အဓိကတော့ ငွေဖြည့်ကတ်ပဲ။ ဟန်းဆက်လည်း တန်ဖိုးနည်းတာတွေရှိပါတယ်" ဟု ပြောသည်။

(စပိုင်)

သတင်းမှတ်စု ဒေါက်တာခင်ထွေး

မင်္ဂလာသတင်း

မကြာသေးမီက ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၏ ညွှန်ကြားချက်ဖြင့် မြန်မာနိုင်ငံ စက်မှုဝန်ကြီးဌာနထုတ် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးလူကြီးဒိစ် (Adult dose) များကို ဝယ်ယူပြီး ကျန်းမာရေးဝန်ထမ်းများ အထူးသဖြင့် အန္တရာယ်ရှိသော လုပ်ငန်းများကို တာဝန်ယူနေရသော (High risk group)အား ကာကွယ်ဆေးများကို အခမဲ့ထိုးနှံပေးမည်ဆိုသည့် မင်္ဂလာသတင်းတစ်ခုကို ကြားသိခဲ့ရသည်။ ဤဆုံးဖြတ်ချက်သည် မှန်မြတ်သောအလုပ်ဖြစ်သလို လုပ်သင့်သော အလုပ်တစ်ခုလည်းဖြစ်သည်။ အကြောင်းမှာ ကျန်းမာရေးဝန်ထမ်းများသည် လူနာများ၏ အသက်အန္တရာယ်အတွက် တာဝန်ယူ၍ ကုသနေရသော်လည်း တစ်ဖက်မှ တွေးကြည့်လျှင် ၎င်းတို့၏အသက်ကိုရင်း၍ အန္တရာယ်များကြားမှ လုပ်ကိုင်ဆောင်ရွက်နေကြသူများ ဖြစ်ကြသည်။

စာရေးသူ၏မိတ်ဆွေ ဆရာဝန်တစ်ဦးသည် ဘီပိုးရှိသောလူနာများအား ခွဲစိတ်ကုသခဲ့ရာမှတစ်ဆင့် ဘီပိုးကူးစက်ခံခဲ့ရသူ တစ်ဦးဖြစ်သည်။ ယခင်က ကာကွယ်ဆေးလည်းမပြည့်စုံခဲ့သလို ဈေးလည်းလွန်စွာကြီးမြင့်ခြင်းကြောင့် မထိုးနှံနိုင်ခဲ့သည့်အတွက် ကူးစက်ခံခဲ့ရခြင်းဖြစ်သည်။ နောင်တွင် ဘီပိုးသည် လွန်စွာ ကူးစက်လွယ်သော ဗိုင်းရပ်စ်ပိုးမှန်း သိရှိလာသောအခါ ဆေးကျောင်းတက်သော အချိန်မှစ၍ မည်မျှပင်ဈေးကြီးကြီး မိဘများက ငွေကုန်ခံပြီး မိမိ၏ သားသမီးများ ဘီပိုးကူးစက်မခံရအောင် ကြိုတင်၍ ကာကွယ်ဆေးများထိုးပေးထားကြပါသည်။ ထို့ကြောင့် ယခုအခါတွင် ဆရာဝန်များအားလုံးနီးပါးခန့် ဘီပိုးကာကွယ်ဆေးများ ထိုးပြီးကြသူများသာ ဖြစ်ကြသည်။ သို့သော် ယခုအချိန်ထိ ဘီပိုးကာကွယ်ဆေး မထိုးနိုင်ကြသူများမှာ ကျန်းမာရေးဝန်ထမ်းများထဲမှ အရာထမ်းအဆင့်များမဟုတ်ဘဲ အမှုထမ်းအဆင့်များသာ ဖြစ်ကြပါသည်။ "လွမ်းရေးထက်၊ ဝမ်းရေးခက်"ဆိုသလို ဘီပိုးကာကွယ်ဆေးကို ထိုးချင်သော်လည်းပဲ ရရှိကြသည့်လစာငွေကို ချင့်ချိန်အသုံးပြုနေရသည့်အတွက် အန္တရာယ်ရှိမှန်းသိသိနှင့် ဝမ်းရေးအတွက် ရုန်းကန်လုပ်ရှားနေကြရသည်။ အကြောင်းရင်းမှာ စာရေးသူသည် ဆေးထိုးအဖွဲ့ဖြင့် အနယ်နယ်အရပ်ရပ်သို့ ခရီးဆန့်ခဲ့ရပါသည်။ ရောက်ခဲ့ဖူးသည့်နေရာများတွင် မိမိတို့အဖွဲ့၏ ဘီပိုးကာကွယ်ဆေးထိုးပေးခြင်းကို စေတနာဝန်ထမ်းအဖြစ်သော်လည်းကောင်း၊ တာဝန်ဖြင့်သော်လည်းကောင်း လာရောက်ကူညီပေးကြသော ဆရာဝန်များနှင့် သူနာပြုဆရာမများ ရှိကြသည်။ ဆရာဝန်များအားလုံးနီးပါး ဘီပိုးကာကွယ်ဆေးထိုးထားကြသော်လည်း သူနာပြုဆရာမများမှာ မထိုးရသေးသူကများသည်။ အကြောင်းရင်းကို စုံစမ်းကြည့်သောအခါ ပြည်တွင်း၌ ဈေးနှုန်းချိုသာစွာထုတ်လုပ်နေသည်ကို မသိရှိခြင်းနှင့် ဘီပိုးကာကွယ်ဆေးကို နိုင်ငံခြားသွင်းကုန်များသာရှိသည်ဟု ထင်ထားသောကြောင့် ဈေးကြီးသည့်အတွက် မထိုးမိကြခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

ယခုအခါ ကျန်းမာရေးဝန်ကြီးဌာနမှ စီမံချက်အနေဖြင့် High risk group တွင် ပါဝင်ကြသော ကျန်းမာရေးဝန်ထမ်းများအား ဘီပိုးကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် စီစဉ်နေခြင်းမှာ ကာကွယ်ဆေးထိုးချင်သော်လည်း မထိုးနိုင်ကြသည့် အမှုထမ်းအဆင့်ဝန်ထမ်းများအတွက် ဝမ်းသာစရာ မင်္ဂလာသတင်းတစ်ခုဖြစ်ပါသည်။ ထို့အပြင် မိမိ၏ လက်အောက်ဝန်ထမ်းများအား သားသမီးကဲ့သို့ ကြည့်ရှုစောင့်ရှောက်ပေးသည့် ပြည်ထောင်စုဝန်ကြီး၏ အကြံဉာဏ်ကိုလည်း လေးစားဝမ်းမြောက်ယူမိပါသည်။

နေအိမ်တိုင်းမှာ မီးသုံးတာ မြစွာသတိရှိပါ

ကံတရား၏ ဆန်းကြယ်မှု

မြိတ် မေ ၂၂

ကံထမ်းလာသည်ကိုမမြင်ရ၊ လုံထမ်းလာသည်ကို မြင်ရသည်ဟူသော စကားပုံရှိပါသည်။ မြိတ်မြို့ ထားဝယ်စုရပ် ကမ်းနားလမ်းမှ ဦးရန်အေး-ဒေါ်မြင့်ဝင်းမိသားစု ကံထမ်းလာသည်မှာ နှစ်ပေါင်း ၃၀ ကျော်ပြီဖြစ်သည်။ အကြောင်းမှာ ဇီဝဖိုးငှက်သိုက်များသည် ငှက်သိုက်ကျွန်းများရှိ ကျောက်တောင်များ၊ လိုဏ်ခေါင်းများတွင်သာ အသိုက်ပြုလုပ်ပါသည်။ ယခုတော့ လူတို့နေထိုင်သည့် နေအိမ်တွင် သဘာဝအလျောက် ဇီဝဖိုးငှက်များအသိုက် လာရောက်ပြုလုပ်သည်မှာ ၁၉၈၀ ခုနှစ်ကတည်းက ဖြစ်ပါသည်။ **(ယာပုံ)** ဦးရန်အေးတို့မိသားစုနေထိုင်သည့် ပေ ၆၀ × ပေ ၃၀ တိုက်ခန်းအောက်ထပ်တွင် ဇီဝဖိုးငှက်များ အသိုက်လာရောက်ပြုလုပ်သဖြင့် အဆိုပါအိမ်မှ မိသားစုဖယ်ခွာ၍ ဘေးတွင်အိမ်တစ်လုံး ဆောက်လုပ်နေထိုင်ကာ အိမ်ဟောင်းကို ငှက်များအတွက် နေထိုင်စရာအဖြစ် ထားရှိခဲ့ပါသည်။

ဇီဝဖိုးငှက်မှာ အဖြူနှင့်အမည်းဟူ၍ရှိပြီး အဖြူအကောင် ၄၀၀ ခန့်နှင့် အမည်းအကောင် ၄၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ တစ်နှစ်လျှင် ငှက်သိုက်ခန့်မှန်း အဖြူနှစ်ပိဿာခန့်နှင့် အမည်းနှစ်ပိဿာခန့် ရရှိလျက်ရှိသည်။ ငှက်သိုက်တစ်ကျပ်သား၏ ယခုပေါက်ဈေးမှာ အဖြူ ကျပ် ၂၂၀၀၀ နှင့် အမည်း ကျပ် ၁၀၀၀၀ ကျော်ခန့်ရှိသည်။ မြိတ်မြို့တွင် သဘာဝမဟုတ်သော အသံတုနည်းပညာဖြင့် ငှက်ခေါ်မွေးမြူ၍ စွဲကပ်သောနည်းပညာ ငှက်သိုက်အိမ်လုပ်ငန်းများ ပေါ်ပေါက်လာသော်လည်း သဘာဝအလျောက် ငှက်သိုက်အိမ်မှာ ဦးရန်အေးတစ်ဦးတည်းသာရှိရာ ကံ ကံ၏ အကျိုးပေးဟုဆိုရမလို ဖြစ်သည်။

မြင့်သိန်း(ကိုယ်ပွား-မြိတ်)

၈ ~ ၁၀ တန်
လမ်းကြိတ်စက် ရောင်း/ငှား
ဖုန်း- ၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၁၁၂၂၂

Professor ဒေါက်တာ ...
Ph.D(Tantra & Sastra)(Kol-India)
0950-10735, 0973-207174, 377990

OASIS
09-5038616, 09-73242480
09-73103331

ပျောက်ဆုံးကြောင်း
ကျွန်ုပ် မစံပယ်ဦး ၁၂/ကမတ(နိုင်) ၀၈၂၂၆၃၂၏ Passport No. M-734185 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်
ဖုန်း- ၀၉၇၃၀၆၄၅၉၂

Future Engineer Generation Training School
Email: fegtrainingschool@gmail.com www.fegtrainingschool.blog.spot.com

ကျွမ်းကျင်အမြန်သင်တန်း
2.5.13 Mon to Fri (9:00-11:00) AM 1-Month

27.4.13 Sat to Wed 3:00-5:00 PM 1-Month

M&E Working Drawing
M&E Service Drawing
Line types, Text sizes, File names
M&E AutoCAD
24.4.13 Wed to Fri (3:00-5:00) PM
Revit MEP
24.4.13 Wed to Fri (5:30-7:30) PM

M&E Electrical Design
Electrical Services Knowledge
One Line Drawing
Complete Estimate
4.5.13 Sat,Sun (12:30-2:30)PM 2-Months

M&E Mechanical Design
ACMV Drawing
Cooling (heat) Load
Duct Design
Pipe Sizing (Plombing)
4.5.13 Sat,Sun 10:30 AM-12:30 PM 2-Months

6.5.13 Mon to Wed (8:00-9:30) AM 3-Months
9.5.13 Thu to Sat (8:00-9:30) AM 3-Months

ပြည်သူ့အကျိုး ပြည်သူတို့၏ အားလိုသည်

အညာသို့ ရောက်သည်နှင့်သူငယ်ချင်း မိတ်ဟောင်းဆွေဟောင်းများနှင့်တွေ့ရန် စိတ်စောနေ၏။ နေထန်းတစ်ဖျားကျော်သည်နှင့် ထိုင်နေကျလက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့၏။ တစ်ယောက်ပြီးတစ်ယောက် တဖွဲဖွဲရောက်လာကြ၏။ စားပွဲပင်နှစ်လုံးဆက်ယိုတ်၏။ လူစုံတက်စုံတွေ့ရသည်။ အားလုံးကိုကြည့်ရသည်မှာ ရွှင်လန်းတက်ကြွစွာဖြင့် သန့်သန့်ပြန့်ပြန့်ဝတ်စားဆင်ယင်လျက် အကျိုးအကြောင်းမေးကြည့်သောအခါ စိတ်ချမ်းမြေ့ဖွယ်ရာသတင်းပင်ဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးအတွက် အထောက်အကူပြုကော်မတီဖွဲ့ရန် ဖြစ်သည်တဲ့။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြစ်သည်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များပါဝင်ပြီး ခရိုင်/မြို့နယ်တာဝန်ရှိသူများနှင့်အတူ ရပ်ကွက်အသီးသီးမှတက်လာသည့်ပုဂ္ဂိုလ်များ ပါဝင်ကြသည်။ သေချာမေးကြည့်သောအခါ ၎င်းတို့အထဲတွင် တောင်သူလယ်သမားအသင်းအဖွဲ့မှတစ်ဦး၊ အလုပ်သမားအဖွဲ့မှတစ်ဦး၊ လူမှုရေးအသင်းမှတစ်ဦး၊ ကုန်သည်ကြီးများမှတစ်ဦး၊ ရပ်မိရပ်ဖသုံးဦးနှင့် အစိုးရဝန်ထမ်းနှစ်ဦး ရွေးချယ်ဖွဲ့စည်းရန်ဖြစ်သည်။ ယင်းအဖွဲ့သည် မြို့နယ်အတွင်းရှိ ပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးစသည် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ၎င်းတို့၏ အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။

အလွန်ပင်ကောင်းသော အစီအမံပင်ဖြစ်သည်။ အထောက်အကူပြုမည်သူများသည်လည်း မည်မည်ရရ တက်လာသူများမဟုတ်။ မိမိတို့ရပ်/ကျေးအသီးသီးမှ အားကိုးအားထားပြုကာ ရွေးချယ်ပေးလိုက်သူများ ဖြစ်သည်။ ထိုသူများသည် ပညာအရည်အချင်းရှိသူ၊ အပြောအဆိုအနေအထိုင်မှန်သူများ၊ အများအကျိုးအတွက် ရှေ့တန်းမှ အချိန်ပြည့်ပေးဆပ်နိုင်သူများဖြစ်နေကြသည်ကို တွေ့ရ၏။ ရပ်/ကျေးအထောက်အကူပြုအဖွဲ့များလည်း ဖွဲ့စည်းပြီးကြောင်းတွေ့ရ၏။

အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်ပေးရမည့်လုပ်ငန်းကဏ္ဍများမှာလည်း ပြည်သူများ နိစ္စဓူဝတွေ့ကြုံနေရသည့် လိုအပ်ချက်များပင်ဖြစ်သည်။ စင်စစ်ယင်းလုပ်ငန်းများသည် သက်ဆိုင်ရာတာဝန်ရှိ အစိုးရတစ်ရပ်တည်းဖြင့် ပြီးမြောက်အောင်ဖြည့်ဆည်းနိုင်ဖို့ဆိုသည်မှာလည်း လွယ်လှသည်မဟုတ်။ ယခုကဲ့သို့ ပြည်သူအတွင်းမှ ပြည်သူများရွေးချယ်ပေးလိုက်သည့် ရပ်မိရပ်ဖများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ပြည်သူတို့၏အသံ၊ ပြည်သူ့ဆန္ဒအစစ်အမှန်များကို အလွယ်တကူသိရှိမြင်တွေ့ခွင့်ရနိုင်မည်ဖြစ်သည်။ အခြေအနေအဖြစ်အပျက်အမှန်ပေါ်တွင် ဝေဖန်ဆန်းစစ်အဖြေရှာနိုင်ခြင်းသည် ပြည်သူတို့၏ လိုအပ်ချက်များကို ပို၍ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

မြို့နယ်တစ်ခုတွင် စာရေးသူ၏မိတ်ဆွေ ကျောင်းအုပ်ဆရာကြီးဟောင်းတစ်ဦးဆိုလျှင် မြို့နယ်စည်ပင်အကြံပေးအဖြစ် တာဝန်ပေးအပ်ခြင်းခံထားရ၏။ ၎င်းမှာ တစ်မြို့လုံးခြေကျင်သွားနေသူဖြစ်၍ ဘယ်လမ်းပျက်နေသည်၊ ဘယ်တံတားပေါက်နေသည်မှအစ အသိပေးနိုင်ခဲ့ကြောင်း၊ အချိန်မီပြုပြင်မှုများ လုပ်နိုင်မည်ဖြစ်ကြောင်းသိရ၏။

ဆိုရလျှင် ယခုအစီအမံသည် ပြည်သူများ၏ အရေးအရာကိစ္စများအတွက် ပြည်သူများကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်ခြင်းပင်ဖြစ်သည်။ ရပ်ကွက်၊ ကျေးရွာအဖွဲ့များကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအလိုက် အထောက်အကူပြု အဖွဲ့များရှိလာပြီဖြစ်ရာ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့ဌာနများနှင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြရတော့မည်ဖြစ်သည်။ ထိုအခါ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ အခက်အခဲများ၊ မတျေလည်မှုများ အတန်သင့်ပြေလည်မှုရရှိသွားနိုင်သည်နှင့်အမျှ မြို့နယ်အဆင့်ရောက်ရှိလာမည့် ကိစ္စများမှာလည်း မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖြေရှာ၍ အကောင်းဆုံးဖြေရှင်းပေးနိုင်လိမ့်မည်ဖြစ်သည်။ ထိုအခါ ယင်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် ပြည်သူများ မသိလိုက်ရ၊ မမြင်လိုက်ရ၊ မကြားလိုက်ရဟူသည့် အခြေအနေများကို ဖြေလျှော့ပေးနိုင်တော့မည်ဖြစ်သည်။ ဆိုလိုသည်မှာ ပြည်သူအများ မျှော်လင့်နေသည့် ပွင့်လင်းမြင်သာရှိမှု (Transparancy)ဆိုသည့် သဘောတရားအမြင်များ အပေါ် အငြင်းပွားဖွယ် ရှိနိုင်တော့မည်မဟုတ်ပေ။

ပို၍စိတ်ဝင်စားမိသည်မှာ ယင်းကော်မတီတွင် ပါဝင်မည့်သူများမှာ တက်တက်ကြွကြွ အားမာန်အပြည့်ရှိနေခြင်းပင် ဖြစ်သည်။ အင်္ဂလိပ်စာမှအစ စာပေဗဟုသုတအဖတ်အရှုများသူများဖြစ်သည်။ လူမှုရေး၊ စီးပွားရေး၊ ပညာရေးလုပ်ငန်းများတွင် ဝင်ဆံ့နေသူများ၊ ကျွမ်းကျင်နှံ့စပ်သူများ ဖြစ်နေကြသည်။ လိုအပ်လျှင် အချိန်ပြည့်ရင်းနှီးပေးဆပ်ရန် အသင့်ရှိနေသူများဖြစ်ကြသည်။ ကောင်းလေစွ။ ပြည်သူ့အရေးတွင် ထဲထဲဝင်ဝင်ပါပင်ဆောင်ရွက်ကြမည့်သူများပီပီ မိမိတို့၏ ကိုယ်ရည်ကိုယ်သွေး(personality)မှအစ အသိအမြင်များကို မြင့်မားစွာ တွေးမြင်ကြံဆမှုများရှိနေကြခြင်းမှာ ထူးခြားသောတိုးတက်နေမှုတစ်ခုဟုပင် ဆိုရမည်ဖြစ်သည်။ ကြံ့သလိုကျသလို တာဝန်ယူလိုစိတ်မျိုး မဟုတ်ပေ။ တိတိကျကျ ခိုင်ခိုင်မာမာ ထမ်းရွက်လိုသော စိတ်သတ္တိရှိသူများ ဖြစ်နေသည်ကို အားကျဖွယ်တွေ့မြင်ခဲ့ရ၏။

ဤသို့ဆိုလျှင် အခြေခံရပ်/ကျေးမှစ၍ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်စွမ်းပေးနိုင်မည့်သဘောရှိသည်။ ယင်းအဆင့်မှ ကျော်လွန်လာသော ကိစ္စရပ်များအား မြို့နယ်အဆင့်မှ ဝိုင်း၍ ကူညီထောက်မနိုင်ကြလိမ့်မည်။ ယင်းအဆင့်မှ လွန်သော် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက လက်ဆင့်ကမ်းသယ်ဆောင်သွားနိုင်မည် သဘော ဖြစ်သည်။ ဤသို့ပူးပေါင်း တာဝန်ယူဖြေရှင်းဆောင်ရွက်မှုဖြင့် ပြည်ရွာမြို့ပြအတွင်း မပြေလည်မှု၊ မကျေလည်မှုများ လျော့နည်းကင်းစင်လာနိုင်သည်။ ပို၍အေးချမ်းသာယာလာနိုင်သည်။ ဤသို့သော အလေ့အကျင့်ကောင်းများ နိုင်ငံအနှံ့ ပိုမိုတိုးပွားလာစေခြင်းဖြင့် မိမိတို့ရည်မှန်းထားသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရှိန်အဟုန်ဖြင့် အေးငြိမ်းစွာ လျှောက်လှမ်းနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။

ခင်မောင်ဌေး (ပညာရေး)

ထက်ထပ်ပင်္ဂလာကျေးဇူးထင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်ရိပ်သာနေ ဦးတင်မောင်လတ်
မြန်မာ့သတင်းစဉ်(ပြည်တွင်း)မြန်ကြားရေးဝန်ကြီးဌာန-ဒေါ်စုစုလတ်တို့၏သားငယ်
မောင်ကျော်စွာလတ်
B.A(Myanmar),Diploma in IT
ဒါရိုက်တာ(မြန်မာအမျိုးသားရတနာသတ္တုတူးဖော်ရေးကုမ္ပဏီ)
နှင့်
မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နေ ဦးမြင့်ဦး-ဒေါ်သိန်းနွယ်တို့၏သမီးငယ်
မအေးဇင်သူ
Final Year (History)

တို့၏ ၂၃-၃-၂၀၁၃ရက် ယုဇနဂါးဒင်းဟိုတယ်တွင်ကျင်းပသည် မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းနှင့်ဇနီးဒေါ်ခင်လေးသက်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့်ဇနီးဒေါ်ခင်ဆွေဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့်ဇနီးဒေါ်သက်သက်ဆွေ၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းနှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီးဒေါ်ဝင်းဝင်းမော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုး၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ မင်္ဂလာအောင်စပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက် ချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ဇနီးဒေါက်တာ ဒေါ်ရင်ရင်လှ၊ တပ်မတော် ဆေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သစ်လင်းအုန်းနှင့် ဇနီးဒေါ်မေစန်းသိန်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်တပ်မမှူး ဗိုလ်မှူးကြီးတင်မောင်ဆွေ၏ဇနီးဒေါ်မိမိမော်၊ တရားရုံးချုပ်တရားသူကြီး(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးမြင့်သိန်း၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးပါသော မောင်ဘုန်းပြည့်မြတ်နှင့် မနော်ဖူးဖူးအယ်၊ မင်္ဂလာသတို့သားအရံ မောင်အောင်သူရ၊ မင်္ဂလာ သတို့သမီးအရံ မချစ်စုစုသွယ်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မသီဂီဝေ၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးပါသော တေးသံရှင်ငြိမ်းငြိမ်းအိနှင့် The Aces တေးဂီတအဖွဲ့၊ မေတ္တာဖြင့်စိန်ရွှေရတနာများ ဆင်မြန်း ပေးပါသော ဦးအေးဝင်း-ဒေါ်စန်းစန်းဝေ(ပြည့်စုံစိန်ရွှေရတနာဆိုင်၊ အင်းစိန်ဈေး)၊ မေတ္တာဖြင့်ဓာတ်ပုံရိုက်ကူးပေးသော မြန်မာ့သတင်းစဉ်(ပြည်တွင်း)ဓာတ်ပုံအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှဖန်တီးရှင်မေဦး (တော်ဝင်သူ)နှင့်အဖွဲ့သားများ၊ မင်္ဂလာအခမ်းအနား ပန်းအလှဆင်ပေးပါသော မလေးရှားသန်းမြင့်၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးအဖွဲ့နှင့် ယုဇနဟိုတယ်မှမန်နေဂျာနှင့်ဝန်ထမ်းများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာလတ်-မအေးဇင်သူ

●စာမေးပွဲအောင်ရုံ သာမက ဘာသာစုံ အမှတ်ကောင်းဖြင့် ဂုဏ်ထူးအထွက်ပါ သင်ကြားပေးသည်။ ●ဗဟိုစာအုပ်ပါသင်ရိုးအပြင် မေးခွန်းဟောင်းများကို အကြိမ်ကြိမ်လေ့ကျင့်သင်ကြားပေးပြီး အပတ်စဉ် လစဉ် စာမေးပွဲ ကြီးငယ်များ ဖြေဆိုစေသည်။
●စာမလိုက်နိုင်သူများအတွက် သီးသန့်အချိန်ပို ဒေါ်မှုသင်ပေးသည်။

ဦးရဲမင်းပိုင် [သင်္ချာ] နှင့်ဘာသာစုံတန်းခွဲများ

၁၀တန်း ၉တန်း(ဘာသာစုံ) စာသင်ဝိုင်း နှင့် ပုံမှန်တန်းခွဲများ ဖွင့်လှစ်ပါသည်။

စာသင်ဝိုင်း - ကျောင်းချိန်လွှတ် သင်တန်းကြေး - ၅၀၀၀၀

ပုံမှန်တန်းခွဲ - ကျောင်းချိန်လွှတ် သင်တန်းကြေး - ၂၅၀၀၀

တန်းခွဲအားလုံး မေလ လဆန်းစမည်။

ဦးရဲမင်းပိုင်စာသင်ခန်း၊မ-၁၆ရွှေဆိပ်ကမ်းသာလမ်း-၀၉၇၃၃၁၆၁၁၃၄၀

မီးသတ်ဖြို ကာကွယ်မှု ပေါင်းစု ဆောင်ရွက်ကြ

adevice Business Management Academy IN COLLABORATION WITH IBME The Name You Can Trust

မိမိ၏လုပ်ငန်းတာဝန်များကို အောင်မြင်စွာဦးဆောင်လိုသူများအတွက် အကောင်းဆုံးနည်းလမ်းများ

The Best Techniques *for* **MANAGING MANAGERS**

လုပ်ငန်းခွင်အတွင်း အစီကျသော အကောင်းဆုံးနည်းလမ်းများဖြင့် အထိရောက်ဆုံး စီမံခန့်ခွဲမှုပေးနိုင်သော မန်နေဂျာကောင်းများ ဖြစ်လာစေရန်။

CONDUCTED BY 2 SPEAKERS

HONORABLE SPEAKER : Prof. Dr. Aung Tun Thet
(Senior Advisor - UN Resident Coordinator's Office)

MAIN SPEAKER : U Tin Zan Kyaw
(Principal - Device Business Management Academy)

Methodology:
- Workshop
- Case Studies
- Brainstorming Sessions

Venue: Device Executive Hall

Date: 27th~28th April, 2013

Time: 8:00 am ~ 5:00 pm

No. 24/26, 4 B-C, Race Course Condo, South Race Course Street, Tamwe Township, Yangon.
Tel : (+959) 4200 33366~33377 (Hot Line), 4200 33355, 42100 7002, 42100 7005
(+959) 730 45 140, 731 43313

“ရွှေအိမ် (ဈေး)”မှ ရောင်းမည်။

၁။ရန်ကင်း၊သုခဝတီ (75x140)	1RC	1Sqft 2.5L
၂။လှိုင်၊အေးရိပ်မွန် (66x110) အုတ်ခင်း	မြေ	1Sqft 1.3L
၃။ကမာရွတ်၊အေးသုခရာလမ်းမပေါ် (35x80)	2RC	12000L
၄။(၃)မိုင်၊မစိုးရိမ်လမ်းမ (50x150) အုတ်ခင်း	မြေ	9950L
၅။ဗဟန်း၊အင်းယားမြိုင် (65x45)	2RC	8500L
၆။အောင်သိဒ္ဓိရိပ်သာလမ်းမ(80x80) ∠ကွက်	မြေ	7500L
၇။အင်းစိန်၊လမ်းသစ်လမ်းမ (45x70)	1RC	6500L
၈။အောင်မြေသာစည်အိမ်ရာ (40x80)	မြေ	3800L
၉။သာယာ၊ရတနာလမ်းအနီး (45x90)	2RC	3400L
၁၀။အင်းစိန်၊ပြည်လမ်းအနီး(37x100)အုတ်ခင်း	မြေ	3000L
၁၁။ဒဂုံ/ဥ၊ဟံသာဝတီလမ်း(40x60)အုတ်ခင်း	မြေ	2900L
၁၂။တ/ဥ၊သုမင်္ဂလာလမ်းမ (20x60)	မြေ	2250L
၁၃။(၁၆)ကွေ့၊ဝေဇယန္တာလမ်းအနီး(40x60)	မြေ	1600L
၁၄။ပါရမီ၊စိန်ဂေဟာအနီး (25x50)	မြေ	1500L
၁၅။ရန်ကင်း၊စင်တာအနီး (20x40) ∠ဖြ	1PT	1450L

☎ - 510 600, 510 950, 510 940, 500 643, 510760



သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ(ရန်ကုန်) ၂၃-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှု၊ တပည့်ဖြစ်သူ ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်မှု၊ မျက်စိအထူးကုပါမောက္ခ(ငြိမ်း) Dr.Mya Aung, နှင့် Dr.Yi Yi Aung,Dr.Thaung Thaung Saing, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr.Ni Ni Kyaw, Dr. Kyaw Min Lwin , Dr. Aung Cho Htwe, Dr. Aye Chan , Dr. Hla Kaythi , Dr. Hlaing May Than, Dr.Khin Oo May , Dr. Hla Myat Nwe, Dr. Zin Mar Myint, Dr. Theingyi Win, Dr. Ei Kay Thawe Han အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၌ မတ်လ (၂၄) ရက် (၂၂) ကြိမ် မြောက်အထိ မျက်စိဝေဒနာရှင် (၁၂၂၀၀)ဦး တို့အား စစ်ဆေးကုသခြင်း နှင့် (၂၆၅၀) ဦးအား ခွဲစိတ်ကုသအလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ မေလ (၁၂၊ ၁၈၊ ၁၉)ရက်များတွင် (ဦးရေ ၂၈၀၀ ပြည့်) (၂၃)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

သီတဂူ-ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ - ၁၆ ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်း၊ [ကျိုက္ကဆံစေတီလမ်း၊ တာမွေလေးသံလမ်းအနီး] ဖုန်း ၅၄၁၃၃၃၊ ၀၉-၅၁၀၅၆၅၆၉

စုလျားရစ်မတ်ထိမ်းမြား လက်ထပ်မင်္ဂလာပြီးစီးခြင်း

ပြင်သစ်နိုင်ငံနေ 5 Chemin des prairies 67500 haguenau, Alsace နေ
Mr.Roland Guy Joseph Meyer & Mrs.Yvette Jeanne Erbs တို့၏ တစ်ဦးတည်းသောသား

Franck Roland Meyer
CAP, BEP, Auto Mechanic Specialist, Haguenau, Alsace
Workshop Supervisor Alfardan Automobiles BMW Importer

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၁၉/၂၅)နေ
(ဦးချစ်လှိုင်ဝေ)-ဒေါ်အုန်းအုန်းကြည်(ခ)ဒေါ်ချိုတူး တို့၏ တစ်ဦးတည်းသောသမီး

မဟေမာန်ချစ်လှိုင်ဝေ
B.A(Frech)(Yangon University of Foreign Languages)
B.C.I.S(Hons),(London Metropolitan University, UK)
Cabin Services Director (Qatar Airways, DOHA, QATAR)

တို့၏ ၅-၄-၂၀၁၃ ရက်(သောကြာနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဆွမ်းကျွေးအလှူတော်အားလည်းကောင်း၊ ၆-၄-၂၀၁၃ ရက်(စနေနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်မင်္ဂလာပွဲအခမ်းအနားတွင် မင်္ဂလာသဘင်နာယကကြီးအဖြစ် စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးခဲ့ပါသော ဒေါက်တာစိုးသန်း[(B.D.S(Rgn)F.I.C.D(U.S.A)]ဌာနမှူး(သွားနှင့်ခံတွင်းခွဲစိတ်ကုသမှုဌာန အရှေ့အနောက်ပါရမီ ဆေးရုံနှင့် ဇနီး ဒေါ်မြန်မြန်ရင် (ရာသက်မှန် ဗီဒီယိုတိတ်လုပ်ရေး)၊ ဘိသိက်မင်္ဂလာပန်းကုံးချီးမြှင့်ပေးခဲ့သော ဦးဖေအောင်လင်း M.D Supernova Co.,Ltdနှင့်ဇနီးဒေါက်တာဒေါ်ခင်နှင်းသန်း Presidant Founder WRTC ပါမောက္ခရန်ကုန်စက်မှုတက္ကသိုလ်၊ လက်ထပ်မင်္ဂလာလက်စွပ်ဆင်မြန်းပေးခဲ့သော မင်္ဂလာသတို့သားမိခင် Mrs.Yvette Jeanneနှင့် မင်္ဂလာသတို့သမီးမိခင် ဒေါ်အုန်းအုန်းကြည်(ခ)ဒေါ်ချိုတူး၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးခဲ့သော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသီချင်းသီဆိုပေးပါသော တေးသံရှင် မဟေမာနေဝင်းနှင့် (First Music Agency)မှ ဂီတမှူး စန္ဒရားသိန်းမြင့်သန်းနှင့် တေးသံသာများဖြင့် သီဆိုပေးခဲ့သော တေးသံရှင်အဖွဲ့သားများအားလုံးကိုလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးခဲ့ကြသော မနန်းပွင့်ခိုင် C.S.D (Qatar airways)နှင့် မယဉ်မိုးသူ (Jester airways)၊ မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဗန်းကိုင် မဝင်းဝင်းအောင်နှင့် မနန်းအိဖြူ၊ မင်္ဂလာသတို့သားအရံ Tanguy Weter နှင့် Julien Dittly၊ မင်္ဂလာသတို့သမီးအရံ မခိုင်ဝသန့် C.S(Qatar airways)နှင့်မရတနာမြင့်(Qatar airways)၊ မင်္ဂလာဝတ်စုံဒီဇိုင်းနာပြည့်စုံအောင်၊ ညစာစားပွဲအတွက်ဝတ်စုံဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်၊ မင်္ဂလာဆွမ်းကျွေးမင်္ဂလာဝတ်စုံဒီဇိုင်နာ လတ်လတ်၊ ဒီဇိုင်နာဒေါ်လာမြင့်အောင်၊ မင်္ဂလာအခမ်းအနား ပန်းအလှပြင် ခင်မောင်ဝင်း၊ စိန်ရတနာအလှဆင်မြန်းပေးသော Pleasure Gems and Jewellery(ဗိုလ်ချုပ်စျေး)မှ ဒေါ်ခိုင်နှင်းအောင်နှင့် ငွေထီးသုံးလက်ရတနာဆိုင်(မန္တလေး)၊ ပိုးထည်များရက်လုပ်ပေးသော သီဂီကျော်ပိုးတည်တိုက်၊ Video နှင့်ဓာတ်ပုံဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာပွဲများအတွက် အစစအရာရာ ပံ့ပိုးကူညီပေးပါသော မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေ ထီဆိုင်ကြီးမှ M.Dဒေါ်တင်တင်မြင့်နှင့် မိုးယံအဖွဲ့သားများအားလည်းကောင်း၊ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၇-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) Inya Lake Hotel "Terrace area"တွင် ကျင်းပပြုလုပ်ခဲ့သော ညစာစားပွဲတွင် Proffesional တေးဂီတနှင့်အတူ မေတ္တာဖြင့် သီဆိုပေးသော တေးသံရှင် ဉာဏ်လင်းအောင်၊ အကယ်ဒမီရဲအောင်၊ ဇော်ပိုင်၊ စောဖိုးခွား၊ မီးဘက်ဆိုင်ရာ ကူညီပေးသော ဦးစအောင်ထွေးတို့အားလည်းကောင်း၊ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပေးခဲ့ပါသော မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲလာ ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်သင်္ဂဟ၊ ဆွေမျိုး၊ သူငယ်ချင်းများအားလည်းကောင်း၊ နိုင်ငံရပ်ခြားနှင့် ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်းလက်ဖွဲ့ပစ္စည်းများပေးပို့ခဲ့သူအားလုံးအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလိုက်လှဲစွာ ကျေးဇူး အထူးတင်ရှိပါကြောင်း။ **နှစ်ဖက်မိဘများနှင့် Franck Roland Meyer- မဟေမာန်ချစ်လှိုင်ဝေ**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာမီးရထား၊ မန္တလေးဘူတာကြီး နှင့် ပုဂံဘူတာတွင် သန့်ရှင်းရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါ သဖြင့် အိတ်ဖွင့် တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

တင်ဒါပိတ်မည့်နေ့/ အချိန် -၁၄.၅.၂၀၁၃(အင်္ဂါနေ့)(၁၂၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၃.၄.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့ မေးမြန်း နိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့)ဌာန မြန်မာ့မီးရထား၊ ကုန်သည်လမ်း နှင့်သိမ်ဖြူလမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း -294352, 291994.

Gusto IT Professional Institute — Programming Fundamental

Programming ကိုယခုမှစ၍ လေ့လာမည့်သူများ မဖြစ်မနေတက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။

- ... Programming Language ... Concepts & Process, Ways of Thinking နှင့် Techniques များကို ...
- Programming ၏ ... JAVA နှင့် C# Language ...
- ... Problem Solving Skills, Creative Thinking Skills ... Programming Techniques များကို ...

Lanmadaw Branch — No. 26, 14th Street, Lanmadaw Tsp; Yangon. Tel : 224496, 09 - 73031302.

Pyay Campus — No. 332 (D) , Pyay Road, Sanchaung Tsp; Yangon. Tel : 503715, 09 - 8620808.

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက-၁၃/၀၉/၀၀၃

N-3 ကိုယ်ပိုင်အထက်တန်းကျောင်း

တိုးတက်ပြောင်းလဲလာသော ပညာရေးစနစ်သစ်ကို မျက်မြင်မပြတ် လေ့လာနေသည့် မိဘများနှင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား/ကျောင်းသူအားလုံး ယုံကြည်စိတ်ချစွာ အပ်နှံနိုင်ရန် N-3 မှ ကြိုဆိုလိုက်ပါသည်။

အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်အထူးသင်တန်းကျောင်းကြီး
(၅) တန်းမှ (၁၀) တန်းအထိ

- ဦးညွန့်လွင် (ရူပဗေဒ)
- ဦးညီညီ (ဓါတုဗေဒ)
- ဒေါက်တာဇော် (ဇီဝဗေဒ)

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေရာကောင်းရရန် ယခုမှစ၍ လာရောက်လေ့လာစုံစမ်းအပ်နှံနိုင်ပါပြီ။

ကိုယ်တိုင်သင်ကြားတည်ထောင်၍ တာဝန်ယူစီစဉ်ဖွင့်လှစ်လိုက်သည်။

ကျောင်းတည်နေရာ-
အမှတ်(၂၀/A)၊(စ)တောင်ရပ်ကွက်၊ရွာလယ်လမ်း၊သဃ်္ဃန်းကျွန်း၊ဖုန်း-၀၁-၅၅၅၀၅၅၀၉-၄၂၀၄၆၉၁၊ ၆၅/ သုနန္ဒာလမ်း၊ သုမင်္ဂလာလုံးချင်းအိမ်ရာ၊ သဃ်္ဃန်းကျွန်း၊ ဖုန်း - ၀၁-၅၇၃၇၁၄၊ ၀၁-၅၇၃၇၉၁၊ လေးဒေါင့်ကန်လမ်းမကြီး ရွှေနားပန်း နှင့် ဖက်ပင်အိုင်ကျောင်းတိုက်အနီး

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးသူ ကျောင်းသား/ကျောင်းသူများအတွက်

PRE-UNIVERSITY ORIENTATION TRAINING

MCC.i မှ ရွှန်လတွင် ဖွင့်လှစ်မည့်
နိုင်ငံခြားတက္ကသိုလ်ဘွဲ့များအတွက်
အကြိုသင်တန်း

- B.Sc (Hons) Business IT ကွန်ပျူတာ သိပ္ပံဘွဲ့
- B.S.E အင်ဂျင်နီယာ သိပ္ပံဘွဲ့
- B.B.A စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့
- B.Tech - Computer Game Multimedia ဂိမ်းတီထွင် ထုတ်လုပ်မှုဘွဲ့

MCC Training Institute (MCC.i)

Yangon Campus	Yuzanarpon Campus	Mandalay Campus	Naypyitaw Campus
Ph : 01-245762, 01-246684, 01-249152, 01-395312	Ph : 02- 5170113, 02-5170113, 02-5170130, 02- 5170114	Ph : 02- 77990, 09-4020713542, 09- 91034062,	Ph : 067 - 420617 Ext: 108, 067 - 421348

စေတနာဂုဏ်ထူး

(၉၁၀)တန်း ဘာသာစုံ စာသင်/စာကျက်ဝိုင်းနှင့် ဘော်ဒါ

မြန်မာ • ဂုဏ်ထူးပြုဦးသိန်းနိုင်
• ဒေါက်တာဥမ္မာစိုး၊ ဦးရွှေမိုး
အင်္ဂလိပ် • ဦးနေဇော် (စိန်ပေါက်)
• ဒေါက်တာ-ဒီ
သင်္ချာ • ဒေါက်တာညီညီ
ဓာတုဗေဒ • ဒေါက်တာခင်မိုးမိုး
ရူပဗေဒ • ဦးသန့်ဇင်အောင်
ဇီဝဗေဒ • ဒေါက်တာဇီဝ
• ဒေါက်တာဒေါ်မေစီ
ဘောဂဗေဒ • ဦးထွန်းမြင့်အောင်

ကျောင်းသစ် ဖွင့်ပြီ

Ph: 09 731 21329, 09 5402665

Taxi
မောင်းလိုသူများဆက်သွယ်ပါ

Toyota Probox, 1.3 cc ခုနှစ် 2007 Mdl မောင်းရန်၊ စပေါ် သုံးသန်း၊ နေ့က ၆-ည ၈၊ ၀၀၀၀၀ ကျပ်၊ တောင်ဥက္ကလာပ။
ဖုန်း- ၀၉ ၅၀၂၀၃၈၀၊ ၀၀-၅၆၁၉၇၀

ဝယ်လိုသည်

-ကားအပ်ပြီးစလစ်၊
-စ၊ ဆ မှ လ၊ သ၊ အ အထိ အပ်ကား
ဖုန်း-၀၉၄၄၈၀၀၇၃၇၇

ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မ မမေသစ်လွင်[၀၂/မရက(နိုင်)၀၂၅၂၀၄] နှင့် ကိုမျိုးနိုင်[၀၂/တကန(နိုင်)၀၀၀၀၃၃]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ၃-၄-၂၀၀၃ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီး ဖြစ်၍ နောက်နောင်တွင် ကိုမျိုးနိုင်နှင့် ပတ်သက်သည့်ကိစ္စအဝဝသည် ကျွန်မ မမေသစ်လွင်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်)

မမေသစ်လွင်
[၁၂/မရက(နိုင်)၁၂၅၂၁၄]

KMD Quality Management System ISO 9001:2008 လက်မှတ်ရ

Mobile Programming with Android Platform

Object Oriented Programming language ဖြစ်သော Java language ၏ OOP Concept များကိုသိရှိပြီး Android Platform ဖြင့် Mobile Application ရေးသားလိုသူများ တက်ရောက်သင့်သော သင်တန်းဖြစ်ပါသည်။

[illegible]

Duration: 70 hours

မွေးနေ့မင်္ဂလာဆုတောင်း

၂၃-၄-၂၀၁၃ရက်တွင် ကျရောက်သည့် ချစ်ဖနီး **ဒေါ်ဌေးဌေးရီ** ၏ မွေးနေ့ရက်မြတ်မှသည့် မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာသနာ့အကျိုး၊ ဘာသာအကျိုးတိုကို ဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ခင်ပွန်း - **ဦးစိုးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန၊ ညောင်ရွှေမြို့။**
သားကြီး - **ကိုဆုပိုင်အောင်-မကြည်ဖြူအောင်**
သားအငယ် - **မောင်ရဲမွန်ဦး၊ မောင်ရဲမွန်အဲ**
သားထွေး - **မောင်ဝေယံဦး**
မြေးလေး - **မောင်ဇေလင်းထက်(ဖိုးသောကြာ)**

မဏိစန္ဒာ
အမျိုးသမီး၊အပ်ချုပ်သင်တန်း
ဘာသာစုံ ဧနစ်တကျ တစ်ဦးချင်းစီ အတတ်သင်ပေးသည်
၁။ (က) ဘလောက်ဒီဇိုင်း ၂၀၀+ကုတ်ပုံဆန်း အမျိုးမျိုး (ခ) မြန်မာအင်္ကျီခါးတို
(ဂ) ကလေးဝတ်စုံ (ဃ) ရှပ်+ဂျာကင်+ဂျိုင်း
(င) စကပ်အမျိုးမျိုး၊ ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သင်တန်း၊ သီးသန့်သင်တန်း၊ ညနေသင်တန်း၊ တနင်္ဂနွေသင်တန်း
၃။ စက်ကြီးပန်းထိုး+စက်သေး+လက်ရေးပန်းချီသင်တန်း၊ Handmade စီးကွင်း၊ ကျောက်အလှဆင်၊ ကွန်ပျူတာပန်းထိုး
၄။ အိမ်တွင်း အသင့်ချုပ်နိုင်ရန် ညှပ်ပြီး ပုံဆန်းအမျိုးမျိုးဝယ်ယူနိုင်ပါသည်။
၅။ ရပ်ဝေးသူများအတွက် နေရေး၊ စားရေး စီစဉ်ပေးသည်။
➢ ဆိုင်အမှတ်(၁)၊ အမှတ်(၆၅)၊ အနော်ရထာလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ရန်ကုန်မြို့။
➢ ဆိုင်အမှတ် ၂၊ အမှတ်(၁၀၄/၁၀၂)၊ အနော်ရထာလမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား။
ဖုန်း-၃၈၈၂၃၃၊ ၃၇၅၀၀၄၊ ၀၉-၅၀၀၇၆၅၀



တန်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်)
(၄၁) ကြိမ်မြောက် အခမဲ့စာမေးပွဲ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ကြွရောက်၍ (၄၁) ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ (၇) ရက် အဓိဋ္ဌာန်ပွဲကို မေလ ၂၀၁၃ ခုနှစ်၊ မေလ (၁) ရက်နေ့ ညနေမှ (၈) ရက်နေ့ နံနက်ထိ ဒုတိယမကော် မေလ (၈) ရက်နေ့ ညနေမှ (၁၅) ရက်နေ့ နံနက်ထိ တတိယမကော် မေလ (၁၅) ရက်နေ့ ညနေမှ (၂၂) ရက်နေ့ နံနက်ထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း (၆၃၈၀၈၈) နှင့် ကျွဲယကာရကာ ဖေဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းအိမ်ရာစခန်းမှ ရန်ရှင်းလမ်းပေါ်ရှိ ခန့်မှန်းဧရိယာ (၂၀၀ပေ×၀၈၀ပေ)ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ရုံးခန်းနှင့် လူနေအိမ်များ ပါဝင်သော (Office and Residential Complex) အဆောက်အအုံအား မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၁၇-၅-၂၀၁၃ရက် နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၅၄၇နှင့် ၀၆၇-၄၀၇၃၀၂သို့ ရုံးချိန်အတွင်း ဆက်သွယ် နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

အလှပြင်သင်တန်း

[illegible]

3D [illegible]

BONNY CARE (Beauty Saloon) [illegible]

The Government of Republic of the Union of Myanmar
Ministry of Finance and Revenue
Committee on Finance and Awards
27th SEA GAMES
Invitation for Bids

1. Bids are invited by the Committee on Finance and Awards, the Ministry of Finance and Revenue, for the supply of the medals to be awarded in the forthcoming 27th SEA GAMES.
2. Official Bidding from and requirement shall be available at the Ministry of Finance and Revenue, Office No.26, Nay Pyi Taw, Internal Revenue Department Office No.46, Nay Pyi Taw and Tax Service Unit, No.59/61 at the Corner of Pansodan and Merchant Street, Yangon during the office hour from (22-4-2013) to (3-5-2013)in payment of kyat 10,000(Kyat ten thousand).
3. Bids shall state the followings in details:
   (a) CIF Yangon price(may be in Kyats or in United State Dollers)
   (b) Price must be quoted for each kind of medal (for gold, silver, bronze)(6cm diameter and 0.5cm thickness of each medal)
   (c) Price shall include ribbon (47cm long of the ribbon, 3.5cm wide of the ribbon)
   (d) Sample of ribbon, description and photo of medal box must be submitted.
   (e) Time for delivery(not more than five months)
   (f) Mode and process of making medals(Press, mold, etc)
   (g) Composition and ratio of metals contained in each kind of medal(Gold, silver, bronze)
   (h) Guarantee
4. Contract of Purchasing shall be entered with the successful bidder.
5. Committee on Finance and Awards reserves the right to cancel, verify, re-invite tender and its decision shall be final and conclusive.
6. Bids shall be only on the official bidding forms as per paragraph two.
7. Bids in sealed envelopes shall be submitted at the Ministry of Finance and Revenue, Office No.26, Nay Pyi Taw, no later than (16:00)hours on (17-5-2013)
8. Bids shall be opened at the same venue on (20-5-2013)at 10:00am for signature and verification.Bidders are invited to present at this.
9. Announcement on the successful bidder will be made on(31-5-2013)
10. For enquiry, contact phone numbers, 01-378370, 01-378372, 067-430071 and 067-410181 during office hour.

Secretary
Committee of Finance and Awards

စားသောက်ဆိုင်ပိုင်ရှင်များအတွက်သတင်းကောင်း

